# Partnership for Disaster Risk Reduction

## DRR Good Practices in Myanmar

## ဘေးအန္တရာယ်လျော့ချရေးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း

## မြန်မာနိုင်ငံအတွင်းဘေးအန္တရာယ်လျော့ချရေးအလေ့အထကောင်းများ







Copyright © UNDP 2011
All rights reserved
Printed in Myanmar

Photo Credits:
ADPC
Save the Children Myanmar
Care Myanmar
UNDP Myanmar

UNDP Myanmar
No.6, Natmauk Road, (P.O. Box 650)
Yangon, 11211, Myanmar
Phone: +95 1 542910 to 19
Email: registry.mm@undp.org
Website: http://www.mm.undp.org

# ACKNOWLEDGEMENT

United Nations Development Programme (UNDP) – Myanmar is pleased to present a compilation of "Good Practices on Disaster Risk Reduction in Myanmar". This publication has been developed under "Strengthening Disaster Risk Reduction Practice in Myanmar through Research and Enhanced Inter-agency Coordination Project" supported by the European Commission's Humanitarian Aid and Civil Protection Department through its Disaster Preparedness Programme (DIPECHO) of the Seventh DIPECHO Action Plan for South East Asia. The case studies presented in this publication encapsulates the innovative work conducted by a number of agencies, UN, international and national, for integrating disaster risk reduction perspectives into development programmes.

UNDP Myanmar would like to express its gratitude to the various agencies who contributed their time in the guidance, development and submission of the case studies; a special thanks to the Disaster Risk Reduction Working Group members for their support in reviewing case studies and most importantly to the communities and field staff, who gave their time and shared their stories; without them these case studies could not have been completed.

# aus;Zljwifvm

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (ယူအင်န်ဒီပီ) မြန်မာအနေဖြင့် မြန်မာနိုင်ငံအတွင်း "ဘေးအန္တရာယ် လျှော့ချရေး အလေ့အထကောင်းများ" ကို စုစည်းတင်ပြခွင့်ရသည့်အတွက် နှစ်ထောင်းအားရဖြစ်မိပါသည်။ ဤစာစောင်ကို "ဥရောပကော်မရှင် လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာအဖွဲ့ရုံး"၊ ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးအစီအစဉ်၏ အရှေ့တောင်အာရှဒေသအတွက် သတ္တမမြောက်လုပ်ငန်းစီမံကိန်း၏ ပံ့ပိုးထောက်ပံ့မှုဖြင့် ဆောင်ရွက်သော "သုတေသန လုပ်ငန်းများနှင့် အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံဘေးအန္တရာယ် လျှော့ချရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေးစီမံကိန်း"မှ ပြုစုခြင်းဖြစ်ပါသည်။ ဤစာစောင်တွင်တင်ပြထားသော အကြောင်းအရာများသည် ဘေးအန္တရာယ် လျှော့ချရေးကို ဖွံ့ဖြိုးမှုအစီအစဉ်များတွင် ပါဝင်လာရေးအတွက် ကုလသမဂ္ဂ၊ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဆောင်ရွက်သည့် ဆန်းသစ်သော လုပ်ဆောင်မှုများကို ဖော်ပြထားခြင်းဖြစ်ပါသည်။

အဖွဲ့အစည်းအသီးသီးမှ ဤစာစောင်ဖြစ်မြောက်ရေးအတွက် လမ်းညွှန်ပေးခြင်း၊ စာမူများရေးသားပြုစုပေးပို့ခြင်းတို့အတွက် ယူအင်န်ဒီပီမှ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဖော်ပြလိုပါသည်။ ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်များကိုလည်း စာမူများဖတ်ရှုသုံးသပ်ရာတွင် ကူညီပံ့ပိုးပေးခဲ့ခြင်းအတွက် အထူးကျေးဇူးတင်ရှိပါသည်။ ရပ်ရွာပြည်သူများနှင့် ကျေးရွာများတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများမှ ဝန်ထမ်းများကိုလည်း ဤစာစောင်ဖြစ်မြောက်ရေးအတွက် အချိန်ပေးလျက် ၎င်းတို့၏ အတွေ့အကြုံများကို ဝေမျှခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းဖော်ပြလိုပါသည်။ အဆိုပါ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များ၏ပံ့ပိုးကူညီမှုမပါဘဲလျက် ဤစာစောင်ကိုပေါ်ထွက်နိုင်မည် မဟုတ်ပါကြောင်း ကျေးဇူးတင်စွာဖြင့် ဖော်ပြအပ်ပါသည်။

# INTRODUCTION

This compilation of Good Practices is an initiative to explore and document initiatives which mainstream disaster risk reduction in various development sectors. This has been supported by the VIIth DIPECHO[1] Action Plan for South-East Asia, and is a part of a series of publications being produced by other DIPECHO implementing partners – Malteser International, ActionAid Myanmar and UNDP Myanmar.

The Good Practice case studies in this document provide examples where a collaborative and coordinated approach and strategy has made advocacy effective with government and donors. The partnerships have helped in creating interest among key stakeholders on the importance of disaster risk reduction as well as contributed to their capacity building. It also reflects the partnership between civil society actors and the government whereby it has been able to highlight the centrality of disaster risk reduction to safer and sustainable development of the country.

The following case studies highlight joint initiatives done in Myanmar at a policy and programmatic level. Asian Disaster Preparedness Center has been able to bring together representatives from government and non-government agencies to guide the development of the Myanmar Action Plan on Disaster Risk Reduction; the DRR Working Group has been able to use its position to advocate with and build capacities of the government; Save the Children has drawn on the experiences of various agencies working at the field level for building capacities; CARE Myanmar and Swanyee Development Foundation have worked together as partners in providing resilient shelters for the comunities.

The common theme running through these case studies are that agencies have been able to rise beyond their organizational mandates and present themselves as a single unit for promoting DRR. The partnership has been able to drawn upon the strengths and resources of various agencies thus making it inclusive and participatory.

It is hoped that these examples would not deter agencies of working in a collaborative manner where the successes of working together is far greater than its challenges and can bring about greater change.

---

[1]The European Commission Humanitarian Aid Department's Disaster Preparedness Programme(DIPECHO)

## edjef

ဤအလေ့အကျင့်ကောင်းများ စုစည်းတင်ပြမှုစာစောင်သည် ဖွံ့ဖြိုးရေးကဏ္ဍအသီးသီးတွင် ဘေးအန္တရာယ် လျှော့ချရေးကို ပေါင်းစပ်ထည့်သွင်းဆောင်ရွက်သည့်လုပ်ငန်းများအား လေ့လာခြင်းအတွက် ကနဦးခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်အတွက် ဥရောပကော်မရှင် လူသားချင်းစာနာထောက်ထားမှုအကူအညီဆိုင်ရာ အဖွဲ့ရုံး၊ ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးအစီအစဉ် (အရှေ့တောင်အာရှဒေသ အတွက် DIPECHO ၏ သတ္တမမြောက် လုပ်ငန်းစီမံကိန်း) ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ပါသည်။ ဤစာစောင်သည် DIPECHO စီမံကိန်းအကောင်အထည်ဖော်မှု မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော Malteser International၊ ActionAid (မြန်မာ)နှင့် UNDP (မြန်မာ)တို့မှ ပြုစုထုတ်ဝေသော ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စုစည်းတင်ပြမှုများအနက် စာစောင်တစ်ခုလည်းဖြစ်ပါသည်။

ဤစာစောင်တွင်ဖော်ပြထားသော ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပုံနှင့် နည်းဗျူဟာများသည် အစိုးရနှင့် အလှူရှင်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ထိရောက်မှုရှိကြောင်းတွေ့ရပါသည်။ မိတ်ဖက်ဆောင်ရွက်ခြင်းသည် ဘေးအန္တရာယ်လျှော့ချရေး၏ အရေးကြီးသောအခန်းကဏ္ဍအပေါ် အဓိက သက်ဆိုင်သူအားလုံးက စိတ်ပါဝင်စားမှုရှိလာရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့အတွက် များစွာအထောက် အကူပြုပါသည်။ ထို့အပြင်နိုင်ငံ၏ ဘေးကင်းလုံခြုံမှုရှိပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အချက်အချာကျသော ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများအား လူမှုအဖွဲ့အစည်းများနှင့် အစိုးရတို့ ပူးပေါင်းဖော်ဆောင်နေမှုများကိုလည်း ထင်ဟပ်ပေါ်လွင်စေပါသည်။

ဤစာစောင်တွင် ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့သော မူဝါဒရေးရာနှင့် လုပ်ငန်းအစီအစဉ်များအတွက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကိုဖော်ပြထားပါသည်။ အာရှဒေသဘေးအန္တရာယ်ကြိုတင် ပြင်ဆင်ရေးဗဟိုဌာန၏ မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေး စီမံချက်ရေးဆွဲရေး

လုပ်ငန်းစဉ်တွင် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်းပါဝင်စေမှု၊ အစိုးရအဖွဲ့အစည်းများနှင့် စည်းရုံးပူးပေါင်းဆောင်ရွက်ရန်နှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများအတွက် ဘေးအန္တရာယ်လျှော့ချရေး လုပ်ငန်းအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှု၊ Save the Children သည် စွမ်းဆောင်ရည် မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရပ်ရွာများတွင်လက်တွေ့လုပ်ငန်း ဆောင်ရွက် နေသော အဖွဲ့အစည်းများစွာ၏ အတွေ့အကြုံများကိုရယူခြင်း၊ ကဲရ်မြန်မာနှင့် စွမ်းရည်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်း တို့လက်တွဲလျက် ရပ်ရွာပြည်သူများအတွက် ဘေးဒဏ်ခံအဆောက်အအုံများ ပံ့ပိုးပေးခြင်းတို့ကို ဖော်ပြထားပါသည်။

ဖော်ပြထားသော အလေ့အကျင့်ကောင်းများတွင် တူညီသောအချက်မှာ အဖွဲ့အစည်းများသည် တစ်စုတစ်ဖွဲ့တည်းအဖြစ် ရပ်တည်လျက် ဘေးအန္တရာယ် လျှော့ချရေးကိုမြှင့်တင် လုပ်ဆောင်ရာတွင် ၎င်းတို့တစ်ဖွဲ့ချင်းစီ ဆောင်ရွက်နိုင်သော လုပ်ငန်းမူဘောင်အတိုင်းအတာထက် သာလွန်လုပ်ဆောင်နိုင်ခြင်းပင် ဖြစ်ပါသည်။ မိတ်ဖက်ဆောင်ရွက်ခြင်းဖြင့် အဖွဲ့အစည်းများစွာ၏အင်အားနှင့် အရင်းအမြစ်များ ကိုစုစည်းနိုင်ပြီး အဖွဲ့အစည်းများအားလုံးပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကိုရရှိနိုင် ပါသည်။

မိတ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဖွဲ့အစည်းများရရှိနိုင်သော အောင်မြင်မှုများသည် ကြုံတွေ့ရနိုင်သော စိန်ခေါ်မှုများထက်များစွာသာလွန်သဖြင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်းသည် ပိုမိုကောင်းမွန်သောအပြောင်းအလဲများစွာကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း . . . ။

# CONTENTS


Partnering for developing National Action Plan on Disaster Risk Reduction through Task Force Mechanism

Asian Disaster Preparedness Center 9

သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရေးဆွဲရေးအတွက် လုပ်ငန်းအဖွဲ့ဖွဲ့စည်းလုပ်ဆောင်မှုနည်းလမ်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း

အာရှဒေသဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးဌာန ၁၇

Partnering for Change

Disaster Risk Reduction Working Group 29

အပြောင်းအလဲအတွက် ပူးပေါင်းဆောင်ရွက်ခြင်း

ဘေးအန္တရာယ်လျော့ချရေး လုပ်ငန်းအဖွဲ့ ၃၉

Partnering for Capacity Building

Save the Children Myanmar 53

စွမ်းဆောင်ရည်မြှင့်တင်ခြင်းအတွက် မိတ်ဖက်ဆောင်ရွက်မှုများ

Save the Children (မြန်မာ) ၆၁

Partnering for Building Resilient Shelters

CARE Myanmar and Swanyee Development Foundation 71

ဘေးဒဏ်ခံနေအိမ်အဆောက်အအုံများ ဆောက်လုပ်ရေးအတွက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်း

CARE မြန်မာနှင့် စွမ်းရည်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်း ၇၉




# PARTNERING FOR DEVELOPING NATIONAL ACTION PLAN ON DISASTER RISK REDUCTION THROUGH TASK FORCE MECHANISM

## ASIAN DISASTER PREPAREDNESS CENTER

## INTRODUCTION

The Union of Myanmar is exposed to multiple natural hazards including cyclone, earthquake, flood and fire. It has been periodically affected by natural disasters such as cyclone Mala (2006), cyclone Nargis (2008) and Shan earthquake (2011). Myanmar Action Plan on Disaster Risk Reduction (MAPDRR 2009-2015) is one of the key outcomes reflecting the government's initiative on making disaster risk reduction a national priority. MAPDRR was produced by a 24 member inter-agency Task Force, chaired by the Director General of the Relief and Resettlement Department and other members representing 18 government departments, two UN agencies, three national agencies and ASEAN as Observer.

## LAYING THE FOUNDATION

The need for developing a comprehensive strategy and plan on DRR was spurred on by cyclone Nargis which exposed the limited capacities of the country to manage or reduce disaster risks. Myanmar, being a member of the Regional Consultative Committee (RCC)[1]on Disaster Management, was encouraged by other member countries to develop a national plan for DRR. This plan was intended to help in the long-term development of the country as well as to build on the ongoing DRR interventions by different stakeholders.

In December 2009, consultation workshops were jointly organized by the Relief and Resettlement Department and Asian Disaster Preparedness Center (as the technical agency) to present the idea of the Action Plan to humanitarian agencies working in the country as well as elicit feedback and suggestions from participants. ADPC had the experience of developing similar national plans in other countries

[1] A regional platform comprising of members working in key government positions in the national disaster management systems of 26 countries of the Asia and the Pacific region

and was involved in supporting the development of a national action plan in Sri Lanka, and Cambodia. The workshops in Myanmar aimed to present the initiative to various stakeholders as a national initiative and develop a sense of ownership of the plan among the stakeholders. Three focused workshops were held to discuss this proposal with the government, UN agencies and NGOs. These workshops resulted in developing further insight on the initiative, the approach to be adopted, understanding the perspectives and mapping the areas for contribution of each stakeholder to this initiative.

Following the consultative workshops, the participants constituted a Task Force which would take forward the development of MAPDRR. The Relief and Resettlement Department took the lead role in requesting the relevant government ministries to nominate a representative to be involved in the entire process. The Task Force was formed in partnership with the relevant government ministries, UN agencies and national organizations. Officials from a wide range of ministries such as Education, Health and Construction were able to bring in



the concerns and issues of their sector. UNDP, which had a long experience of implementing DRR programs in the country, UN-OCHA which was involved in the development of Contingency Plans for Myanmar and the Myanmar Red Cross Society, through its vast coverage across the country, were able to share contextual experiences on hazard risks. This range of experiences shared by national and international agencies reflected the diversity in varied sectors, technical knowledge and experiences. The members of the Task Force were also contributed a national, regional and global perspective to the development of MAPDRR. The role of the Task Force was crucial to the outcome of MAPDRR as members were to meet on a regular basis to review and provide technical guidance to the development process as well as support ADPC by contributing necessary data/ information. Since the process for developing MAPDRR was expected to be quite intensive and long, it was also noted that representatives would be given time to participate



until the completion of the process to ensure continuation of discussions and reducing delays.

## GOOD PRACTICES

The constitution of the Task Force ensured that multiple perspectives and capacities were brought together for the development of MAPDRR. The strong camaraderie among the members of the Task Force further strengthened the development process and also promoted exchange of ideas, information sharing as well as cross-learning. Individual organizations and ministries gained from this arrangement by networking and requesting support on cross-cutting issues from peer organizations. It also strengthened the understanding and cooperation between the government and non-government sectors.

The range of representation in the Task Force gave MAPDRR a multi-hazard outlook and sought to address disaster related risks across the entire country, both at the programmatic and policy levels, through programs such as development of a National policy on DRR and strengthening and capacity building of Disaster Management Focal Points in each Ministry and Region/State, District, Township Disaster Preparedness Committees. It also improved inter-ministerial coordination with regard to DRR in the country, as members were able to see the inter-linkages between agencies in order to address one activity. For example the issue of early warning was not only the responsibility of the Department of Meteorology and Hydrology but also had implications for the Departments of Agriculture and Transportation.

The process of the development of MAPDRR was in itself a capacity building exercise. As the concept of DRR was new in Myanmar, members - especially government and national agencies - required significant capacity building on DRR. Participation in the Task force provided an excellent opportunity for these members to learn about DRR as well as planning for DRR initiatives. Members were able to learn about mainstreaming DRR perspectives in different sectors.




It was important that the same members participated throughout the entire MAPDRR development process, as this would ensure institutional memory and reduction of delays. Most of the government participants and national agencies were able to fulfill the criteria. It was noted that during one of the Task Force meetings, one of the members, representing the Ministry of National Planning and Economic Development, who was to retire in the following months brought along her successor to understand the planning process and ensure the Ministry's continuous participation the process.

The confidence gained among Task Force members motivated them to contribute to various other initiatives on DRR within the country. Task Force members participated in the development of the mid-term report on the implementation of the Hyogo Framework for Action. They contributed information on the various DRR related initiatives done at the ministerial and department levels. Members were

also involved in the development of Myanmar National Contingency Plan which was coordinated by UN-OCHA. The Task Force has also been involved in the development of National Disaster Management Law. They have helped to review and formulate the outline of the Law.

This model of representation from a cross-section of stakeholders has been very effective and as mentioned earlier has been used in various other initiatives such as reporting on the Hyogo Framework for Action, and the multi-hazard risk assessments supported by UNDP etc. The model has helped to improve understanding and promoted strong working relationships among stakeholders.

## CHALLENGES AND SUSTAINING GAINS

- Initially constituted for developing MAPDRR, the Task Force has seen itself played an important role with regard in other DRR initiatives in the country. The partnership is a resource and it is necessary to develop a long term vision and role for the same. There needs to be further thought given to formalizing the group thus making it an official body within the existing institutional mechanisms on DRR giving it a permanent nature.
- It is also necessary to create opportunities for representation of local NGOs within the Task Force as this would cover the entire panorama of different actors working on DRR in the country. This would also create greater ownership of MAPDRR among national NGOs.
- The Task Force can also take up other DRR agenda which could include drafting the HFA report, etc.




# သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရေးဆွဲရေးအတွက် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းလုပ်ဆောင်မှုနည်းလမ်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း

**အာရှဒေသဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးဌာန**

(ASIAN DISASTER PREPAREDNESS CENTER - ADPC)

## နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံ သည် ပြင်းထန်သည့်မုန်တိုင်းများ၊ ငလျင်လှုပ်ခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် မီးလောင်မှုများ အပါအဝင် သဘာဝဘေးအန္တရာယ်မျိုးစုံ ကြုံတွေ့ရလေ့ရှိသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် မာလာမုန်တိုင်း (၂၀၀၆)၊ နာဂစ်မုန်တိုင်း (၂၀၀၈)နှင့် ရှမ်းပြည်နယ် တာချီလိတ်ငလျင် (၂၀၁၁)အစရှိသည့် သဘာဝဘေး အန္တရာယ်များကို မကြာခဏ ကြုံတွေ့ခဲ့ပါသည်။ နိုင်ငံတော်၏ ဦးစားပေး လုပ်ငန်းတစ်ရပ်ဖြစ်သော သဘာဝဘေး လျော့ပါးရေးဆိုင်ရာ ကနဦး ဆောင်ရွက်ချက်များမှ ထင်ဟပ်ပေါ်ထွက်လာသည့် အရေးပါသောရလဒ်များအနက် တစ်ခုမှာ မြန်မာနိုင်ငံ သဘာဝဘေး လျော့ပါးရေး လုပ်ငန်းစီမံချက် (၂၀၀၉–၂၀၁၅) (MAPDRR 2009-15) ဖြစ်သည်။ MAPDRR စီမံချက်ကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အစိုးရဌာန(၁၈)ခု၊ ကုလသမဂ္ဂအဖွဲ့အစည်း(၂)ခု၊ ပြည်တွင်းအဖွဲ့အစည်း (၃)ခုနှင့် ADPC တို့ ပါဝင်သော ကိုယ်စားလှယ် (၂၄) ဦးပါ အထောက်အကူပြုလုပ်ငန်းအဖွဲ့မှ ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။လေ့လာသူအဖြစ် အာဆီယံလည်း ပါဝင်ခဲ့ပါသည်။

## လုပ်ငန်းစတင်အခြေတည်ခဲ့ပုံ

ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေး သို့မဟုတ် ဘေးအန္တရာယ်စီမံခန့်ခွဲရေးအတွက် မြန်မာနိုင်ငံတွင် စွမ်းဆောင်မှုများ အားနည်းလျက်ရှိသည်ကို နာဂစ်မုန်တိုင်းက ဖော်ထုတ်ပြသခဲ့ခြင်းသည်ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ပြည့်စုံကျယ်ပြန့်သည့် မဟာဗျူဟာ နှင့် စီမံချက်တစ်ရပ် ရေးဆွဲချမှတ်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းရန် တွန်းအားဖြစ်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် 'ဒေသဆိုင်ရာ ညှိနှိုင်းမှုကော်မတီ' (RCC) အဖွဲ့ဝင်တစ်ဦးဖြစ်သည့် အားလျော်စွာ ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ အမျိုးသားအဆင့်စီမံချက်တစ်ရပ် ရေးဆွဲ

ချမှတ်ရန် အခြားသောအဖွဲ့ဝင်နိုင်ငံများက အားပေးတိုက်တွန်းခဲ့ကြသည်။ ဤစီမံချက်သည် နိုင်ငံ၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက အဖွဲ့အစည်း အသီးသီးမှလုပ်ဆောင်လျက်ရှိသည့် ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများကို ဆက်လက်တိုးမြှင့် အကောင်အထည်ဖော်ရေးအတွက်ပါ အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။

လုပ်ငန်းစီမံချက်နှင့် ပတ်သက်သည့် အယူအဆသဘောထားများကို မြန်မာနိုင်ငံအတွင်း လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ လုပ်ဆောင်နေသည့် အဖွဲ့အစည်းများအား တင်ပြရေးအပြင် ၎င်းတို့ထံမှ တုံ့ပြန်ယူဆချက်များနှင့် အကြံပြုချက်များရယူနိုင်ရေးအတွက် ၂၀၀၈ ခုနှစ်၊ဒီဇင်ဘာလတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့ပေးမည့်အဖွဲ့အစည်းဖြစ်သော အာရှဒေသဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးဌာန (ADPC) တို့ ပူးပေါင်းလျက်အလုပ်ရုံဆွေးနွေးပွဲများကို စီစဉ်ကျင်းပခဲ့သည်။ ADPC သည် သီရိလင်္ကာနှင့် ကမ္ဘောဒီးယားနိုင်ငံများ၌ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်များ ရေးဆွဲရာတွင် ပံ့ပိုးပါဝင်ဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ အမျိုးသားစီမံချက်ရေးဆွဲရေးအတွက်



အခြားနိုင်ငံများမှ အတွေ့အကြုံကောင်းများ ရှိနေပြီး ဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲများ၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက် တစ်ရပ်ဖြစ်သဖြင့် ဆက်နွယ်ပတ်သက်နေသူများအား ကနဦးလုပ်ငန်းစဉ်များ တင်ပြရန်နှင့် စီမံချက်ကို မိမိတို့ပိုင်စီမံချက်လုပ်ငန်းစဉ်အဖြစ် ခံယူပါဝင်လာစေရန်ဖြစ်ပါသည်။




ဤစီမံချက်ရေးဆွဲရေး အဆိုပြုချက်ကို အစိုးရအဖွဲ့၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်သီးခြားစီ ဆွေးနွေးမှု(၃)ကြိမ် ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများမှ ကနဦးတင်ပြချက်များအပေါ် အခြေခံပြီး ပိုမိုသိရှိလာခြင်း၊ သဘောတရားကို နားလည်ခြင်းဖြင့် ကျင့်သုံးသွားသင့်သည့်နည်းလမ်းများ ဖော်ထုတ်နိုင်ခြင်း၊ ဆက်နွယ်ပတ်သက်သူ အဖွဲ့အစည်းများမှ ပံ့ပိုးပေးနိုင်မည့် ကိစ္စရပ်များ ဖော်ထုတ်နိုင်ခြင်း စသည့် ရလဒ်ကောင်းများ ရရှိခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီးနောက် တက်ရောက်လာသူများက မြန်မာနိုင်ငံ သဘာဝဘေးလျှော့ပါးရေး လုပ်ငန်းစီမံချက် (MAPDRR) ကိုရေးဆွဲမည့် အထောက်အကူပြု လုပ်ငန်းအဖွဲ့ (Task Force) ဖွဲ့စည်းခဲ့ကြပါသည်။

အဆိုပါ အထောက်အကူပြုလုပ်ငန်းအဖွဲ့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများပါဝင်လျက် ဖွဲ့စည်းခဲ့ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့်ဆောက်လုပ်ရေး စသောဝန်ကြီးဌာနအသီးသီးမှကိုယ်စားလှယ်များသည်၎င်းတို့၏ ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ပြဿနာများကို တင်ပြနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းများတွင် အတွေ့အကြုံရှိသည့် UNDP၊ အရေးပေါ် စီမံချက်ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့်UN-OCHA၊နိုင်ငံအဝှမ်းဖြန့်ကျက်ပြီးလုပ်ငန်းဆောင်ရွက်လျက်ရှိသောမြန်မာနိုင်ငံကြက်ခြေနီအသင်း စသည်တို့က အန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေနှင့်ဆက်စပ်နေသည့်အတွေ့အကြုံများကိုမျှဝေခဲ့ကြသည်။ အမျိုးအစားစုံလင်ကွဲပြားသည့်အခန်းကဏ္ဍများ၊ နည်းပညာဆိုင်ရာဗဟုသုတ၊အသိပညာများနှင့် အတွေ့အကြုံများကို ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများမှမျှဝေပေးခဲ့သည်။MAPDRR ရေးဆွဲရာတွင်အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များသည် အမျိုးသားအဆင့်၊ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်မှ ရှုမြင်ပုံများကို သုံးသပ်နိုင်ခဲ့ပါသည်။ အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင် များသည်ပုံမှန်တွေ့ဆုံပြီး MAPDRR ရေးဆွဲရေးလုပ်ငန်းစဉ်အပေါ်သုံးသပ်ခြင်း၊ အကြံဉာဏ်ပေးခြင်း၊ လိုအပ်သောသတင်းအချက်အလက်များ ADPC အား ပံ့ပိုးပေးခြင်းတို့ကြောင့် MAPDRR ရေးဆွဲရေးလုပ်ငန်းစဉ်တွင် အထောက်အကူပြုလုပ်ငန်းအဖွဲ့၏ အခန်းကဏ္ဍမှာ အထူးအရေးပါခဲ့ပါသည်။ လုပ်ငန်းစဉ် တစ်ခုလုံးတွင် ပါဝင်ဆောင်ရွက်နိုင်ရေး အတွက်သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ် အမည်စာရင်းတောင်းခံရေးကိစ္စကိုကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှဦးဆောင်၍ ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ MAPDRR ရေးဆွဲရေးလုပ်ငန်းစဉ်မှာအချိန်ပေး၍အထူးအာရုံစိုက် ဆောင်ရွက်ရသောကြောင့် အဖွဲ့တွင်ပါဝင်သည့်ကိုယ်စားလှယ်များသည်ဆွေးနွေးမှုများ အချိတ်အဆက်ရှိရှိ ဆက်တိုက်ပြုလုပ်နိုင်ရေးနှင့် နှောင့်နှေးကြန့်ကြာမှုများလျော့နည်းရေးတို့အတွက် လုပ်ငန်းစဉ်တစ်ခုလုံး အစမှအဆုံးတိုင်အောင် အချိန်ပေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို နားလည်ထားကြပါသည်။

## အလေ့အကျင့်ကောင်းများအဖြစ် သတ်မှတ်နိုင်ခြင်း

MAPDRR အထောက်အကူပြုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းဖြင့် စီမံချက်ရေးဆွဲရာတွင် ဘက်စုံအမြင်နှင့် ဘက်စုံစွမ်းဆောင်ရည်များ ပါဝင်စေခဲ့ပါသည်။ အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များအတွင်း ခိုင်မာအားကောင်းသည့် ရဲဘော်ရဲဘက်စိတ်ထားသည် လုပ်ငန်းစဉ် တိုးတက်ဖြစ်ထွန်းရေးကိုပိုမိုအားကောင်းလာစေရုံမျှမကအယူအဆသဘောထားများဖလှယ်ခြင်း၊သတင်းအချက်အလက်များမျှဝေအသိပေးခြင်းတို့အပြင် အပြန်အလှန်လေ့လာသင်ယူမှုများကို အားပေးရာရောက်ပေသည်။ ယခုအစီအစဉ်အရ အဖွဲ့အစည်းများ၊ အစိုးရဌာနများသည် အပြန်အလှန် ဆက်သွယ်မှုကွန်ရက်များ ချိတ်ဆက်နိုင်ခြင်း၊ လုပ်ငန်းများစွာနှင့် ဆက်စပ်နေသည့် အခက်အခဲများ အတွက်အဖွဲ့အစည်းအချင်းချင်းအကူအညီများတောင်းခံနိုင်ခြင်းတို့ လုပ်ဆောင်နိုင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ အကြား နားလည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမိုအားကောင်းလာစေသည်။

အထောက်အကူပြု လုပ်ငန်းအဖွဲ့တွင်အဖွဲ့အစည်းများ၏ ကိုယ်စားပြုပါဝင်မှုကြောင့် MAPDRR သည် ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ အမျိုးသားမူဝါဒတစ်ရပ် တိုးတက်ဖြစ်ပေါ်လာရေး၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီအသီးသီးတွင် တာဝန်ယူ ဆောင်ရွက်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးစသည့် လုပ်ငန်းအစီအစဉ်များကို လုပ်ငန်းအစီအစဉ်ပိုင်းနှင့် မူဝါဒပိုင်း နှစ်မျိုးလုံးအတွက်ဘေးအန္တရာယ်မျိုးစုံ အလားအလာနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေကို ထည့်သွင်းစဉ်းစားစေနိုင်ခဲ့ပါသည်။ ထိုမျှမက နိုင်ငံအတွင်း ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေး နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများကိုလည်းတိုးတက်ဖြစ်ပေါ်စေခဲ့သည်။ အဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းတူများကို ကိုင်တွယ်ဆောင်ရွက်ရာတွင် အဖွဲ့အစည်းများကြား အချင်းချင်း ချိတ်ဆက်

ဆောင်ရွက်နိုင်မှုများကိုလည်းတွေ့မြင်နိုင်စေခဲ့ပါသည်။ ဥပမာအားဖြင့် ကြိုတင်သတိပေးချက်ထုတ်ပြန်ခြင်းသည်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တာဝန်ဖြစ်ရုံမျှသာမက စိုက်ပျိုးရေးနှင့် ပို့ဆောင်ရေးဆိုင်ရာဌာနများနှင့်လည်း ဆက်စပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

MAPDRR ရေးဆွဲရေးလုပ်ငန်းစဉ်သည်ပင် စွမ်းဆောင်ရည်မြှင့်တင်ရေး လက်တွေ့လေ့ကျင့်ခန်းသဖွယ်ဖြစ်နေသည်။ ဘေးအန္တရာယ်လျှော့ချရေးနှင့် ပတ်သက်သည့်သဘောတရား အယူအဆသည်မြန်မာနိုင်ငံတွင်အသစ်အဆန်းဖြစ်ခဲ့သည့်အလျောက် အဖွဲ့ဝင်များ၊ အထူးသဖြင့် အစိုးရနှင့် ပြည်တွင်းအဖွဲ့အစည်းများတွင်ဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ စွမ်းဆောင်မှုများ အထူးမြှင့်တင်ပေးရန်လိုအပ်ခဲ့ပါသည်။ အထောက်အကူပြုလုပ်ငန်းအဖွဲ့တွင် ပါဝင်ခြင်းဖြင့်ဘေးအန္တရာယ် လျှော့ချရေးလုပ်ငန်းများအပြင် ၎င်းလုပ်ငန်းများအတွက် စီမံကိန်းရေးဆွဲခြင်းကိုပါ လေ့လာနိုင်သည့် အခွင့်အလမ်းကောင်းတစ်ရပ်ကို ရရှိစေခဲ့ပါသည်။ အဖွဲ့ဝင်များသည်ကဏ္ဍအမျိုးမျိုးတွင် ဘေးအန္တရာယ်လျှော့ချရေးကို ထည့်သွင်းပေါင်းစပ်ရေးနှင့် ပတ်သက်၍ လေ့လာနိုင်ခဲ့ကြသည်။

အထောက်အကူပြုလုပ်ငန်းအဖွဲ့တွင် ဌာနမှ ကိုယ်စားလှယ် တစ်ဦးတည်းကို တစ်သမတ်တည်းလုပ်ငန်းစဉ်အစမှအဆုံးပါဝင်စေခြင်းဖြင့် လုပ်ငန်းနှင့်ပတ်သက်သော အကြောင်းခြင်းရာဖွဲ့စည်းမှုများကို မှတ်မိသိရှိခြင်း၊ လုပ်ငန်းကြန့်ကြာမှုမရှိခြင်းတို့ကို တွေ့ရှိရပါသည်။ အစိုးရဌာနနှင့် ပြည်တွင်းအဖွဲ့အစည်းများမှ ပါဝင်သူအများစုသည် အဆိုပါအချက်ကို အလေးထား ဖြည့်ဆည်း ခဲ့ကြပါသည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးသည် မကြာမီတွင် အငြိမ်းစားယူတော့မည်ဖြစ်ရာ ၎င်း၏ ရာထူးကိုဆက်ခံမည့်သူအား အစည်းအဝေးများသို့ခေါ်ဆောင်လာလေ့ရှိပြီး စီမံကိန်းရေးဆွဲမှုများကို နားလည်သဘောပေါက်စေရန်နှင့်လုပ်ငန်းစဉ်တွင်ဝန်ကြီးဌာနမှဆက်လက်ပါဝင်နိုင်စေရန်ဆောင်ရွက်ခဲ့ပုံကိုလည်း မှတ်သားဖွယ်တွေ့ရှိရသည်။

အထောက်အကူပြုလုပ်ငန်းအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ရရှိသောစိတ်ချယုံကြည်မှုများမှတစ်ဆင့် နိုင်ငံအတွင်းဘေးအန္တရာယ် လျှော့ချရေးလုပ်ငန်းဆိုင်ရာ အခြားလုပ်ငန်းများတွင် ပံ့ပိုးဆောင်ရွက်စေရန် အားပေးလှုံ့ဆော်ခဲ့ပါသည်။ အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များသည် ယိုဂိုလုပ်ငန်းစဉ်မူဘောင် အကောင်အထည်ဖော်ရေးဆိုင်ရာ နှစ်လယ်အစီရင်ခံစာ ပြုစုရေးသားရာတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ လုပ်ငန်းအဖွဲ့ဝင်များသည် ဝန်ကြီးဌာနအဆင့်နှင့် ဦးစီးဌာနအဆင့်မှ ဆောင်ရွက်ခဲ့သည့် ဘေးအန္တရာယ်လျှော့ချရေးနှင့် ဆက်စပ်နေသည့် လုပ်ငန်းများ၏ သတင်းအချက်အလက်များကို ပံ့ပိုးမျှဝေပေးခဲ့သည်။ ထို့အပြင် UN-OCHA မှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် အရေးပေါ်စီမံချက် ရေးဆွဲပြုစုရာတွင်လည်း MAPDRR အထောက်အကူပြု လုပ်ငန်းအဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ထိုမျှမက အဆိုပါလုပ်ငန်းအဖွဲ့ဝင်များသည် အမျိုးသားအဆင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေပြုစုရာတွင်လည်း ပါဝင်ခဲ့ကြ



သည်။ ဥပဒေအတွက် အရေးကြီးသည့် အချက်များ သုံးသပ်ရာတွင် လည်းကောင်း၊ ဥပဒေမူကြမ်းရေးဆွဲရာတွင် လည်းကောင်း အထောက်အကူပြုပါဝင်ခဲ့သည်။

ကဏ္ဍအသီးသီးမှ ကိုယ်စားပြုပါဝင်မှုသည် အလွန်ထိရောက်မှု ရှိစေခဲ့ပြီး အဆိုပါနည်းလမ်းကို ယိုဂိုလုပ်ငန်းစဉ်ဆိုင်ရာ အစီရင်ခံစာရေးသားခြင်းနှင့် UNDP မှဆောင်ရွက်သည့် ဘေးအန္တရာယ် အမျိုးမျိုးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်ချက်အစရှိသည်တို့တွင် အဆိုပါနည်းလမ်းကို ဆက်လက် အသုံးပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်း ဆောင်ရွက်မှုပုံစံသည် ဆက်နွယ်ပတ်သက်သူများအကြား အားကောင်းခိုင်မာသောလုပ်ငန်းဆိုင်ရာဆက်သွယ်မှုများနှင့် နားလည်မှုများ မြှင့်တင်ရေးအတွက် အထောက်အကူဖြစ်စေခဲ့ပါသည်။

## အခက်အခဲများနှင့် ရေရှည်တည်တံ့စေမည့် အကျိုးကျေးဇူးများ

- MAPDRR ရေးဆွဲရေးအတွက် စတင် ဖွဲ့စည်းခဲ့သည့် အထောက်အကူပြုလုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံအတွင်း အခြားသော ဘေးအန္တရာယ်လျှော့ချရေး လုပ်ငန်းများနှင့် ပတ်သက်၍ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာခဲ့ပါသည်။ ပူးပေါင်းဆောင်ရွက်မှုသည် အသုံးဝင်သည့် အရင်းအမြစ် တစ်ခုဖြစ်ပြီး MAPDRR အထောက်အကူပြုလုပ်ငန်းအဖွဲ့၏ ရေရှည်မျှော်မှန်းချက်နှင့် ၎င်း၏အခန်းကဏ္ဍ ကို ဖော်ထုတ်ရန် လိုအပ်ပါသည်။ အဖွဲ့ကိုလက်ရှိ ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ အဖွဲ့အစည်းလုပ်ငန်း စနစ်များအတွင်းမှနေ၍ လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းတစ်ခုအဖြစ် ပိုမိုခိုင်မာစွာ စနစ်တကျ ဖွဲ့စည်းရန် စဉ်းစားသင့်ပါသည်။
- နိုင်ငံအတွင်း ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာလုပ်ငန်းများတွင် ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်စေရေး အတွက် အထောက်အကူပြုလုပ်ငန်းအဖွဲ့တွင် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများပါ ကိုယ်စားပြု ပါဝင်နိုင်စေမည့် အခွင့်အလမ်းများ ဖန်တီးပေးရန်လိုသည်။ ဤသို့




ဖန်တီးပေးခြင်းဖြင့် ပြည်တွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များအဖြစ် နိုင်ငံအတွင်းဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများတွင် ပါဝင်လာနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများအကြား MAPDRRကို မိမိတို့၏စီမံချက်အဖြစ်ခံယူလာစေနိုင်ပါသည်။

- အထောက်အကူပြုလုပ်ငန်းအဖွဲ့သည် ယိုဂိုအစီရင်ခံစာ မူကြမ်းရေးသားခြင်း အစရှိသည့် အခြားသောဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ လုပ်ငန်းများတွင် လည်းပါဝင်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။



# PARTNERING FOR CHANGE

## Disaster Risk Reduction WORKING GROUP

## INTRODUCTION

The Disaster Risk Reduction Working Group (DRR WG) is a partnership of agencies consisting of local and international NGOs, UN, donors, professional institutions and government departments. The DRR WG was formed through the Inter Agency Standing Committe Cluster Approach for Cyclone Nargis coordinated response and was reporting to the Early Recovery Cluster. Relief and Resettlement Department - RRD (under the Ministry of Social Welfare, Relief and Resettlement) was the Honorary Chair while co-chairs were represented equally from the UN and Non Government Organizations.

The DRR WG has been a platform where members have advocated and provided technical support for the inclusion of DRR into various policy documents, plans, and studies. They have raised local issues of at-risk communities at the national level and coordinated with other Working Groups for mainstreaming of DRR. The Working Group provides a space where agencies share information and good practices of their work contributing to transparency, greater coordination and shared learning.

## PARTNERING FOR MAINSTREAMING DRR

Development of the DRR Sectoral Plan for the Post Nargis Recovery Preparedness Plan (PONREPP) under the Nargis Recovery Program provided the first opportunity where DRR agencies worked in partnership and contributed their experiences of disaster risk reduction. A total of 68 participants from government departments, UN, donors, regional, local NGOs and international NGOs contributed to the intensive planning process. Specialized agencies shared experiences for integration of DRR into various themes such as livelihoods, education and shelter.

## PARTNERING FOR POLICY INFLUENCING

The DRR WG has played a key role in supporting the Government in meeting its commitment to the Hyogo Framework for Action(HFA). For the interim HFA report submission, the DRR WG advocated for a multi-stakeholder consultative process for preparing the report. Supported by UN, a national level workshop was held bringing together DRR WG members and various government departments to review the progress of HFA in Myanmar. A Steering Committee having representation from Government, UN, INGOs and local NGOs was constituted to drive the process. Subsequently, sub-committees were formed using the same model of the Steering Committee to lead each Priority for Action under the HFA. The Sub-committees fostered a team spirit where information of activities from various stakeholders contributed to the accomplishment of a specific Priority for Action. Sub-committee meeting also gave the opportunity for members to learn from peers and their contribution to reducing disaster risks in Myanmar. Drafts from these sub-committees were shared at a second national level HFA workshop where gaps were filled. The Steering Committee also compiled the stock of the work and finalize the Interim Report which was sent to the RRD for approval. The Interim Report was successfully submitted by the RRD to UNISDR in November 2010. A similar process was reactivated in 2011 to submit the mid-term HFA Report.

Improving on the strengthened relationship with the RRD; the DDR WG was also able to build momentum for observation of the 2010 International Day for Disaster Reduction at the central level by planning jointly for the event. For the first time, the Government of Myanmar, diplomats, the UN, international and local non- governmental organizations and other stakeholders jointly observed the International Day for Disaster Reduction at various levels in the country to promote a global culture of natural disaster reduction, including disaster prevention, mitigation and




preparedness. The main event for the Day was organized at the Myanmar International Convention Centre, Nay Pyi Taw, where it was attended by some 400 representatives from government ministries, diplomats, UN and NGOs while the Prime Minister of Myanmar and Chairman of the National Disaster Preparedness Central Committee, gave the opening address. This marked a significant shift at the political level and further opened up space for civil societies to engage with government on policy issues. The Day observation also contributed to the Hyogo Framework for Action where mainstreaming DRR was acknowledged by the Government and reiterated as a national and local priority.

These have contributed to the close working relationship between the Government and non-government agencies on DRR where it has faciliated greater trust, created opportunities for support and built capacities on DRR for the Government.

# *PARTNERING FOR CAPACITY BUILDING*




Capacities on disaster risk reduction were relatively weak as the topic gained greater importance since Cyclone Nargis. In building capacities, RRD conducted trainings for government officials across the country with support from humanitarian agencies. Resource persons from DRR WG member agencies facilitated sessions at these capacity building events. One of the outcomes of this collaboration was the emerging need to review and improve the curriculum for these training courses in terms of its structure, content, relevance and appropriateness and to bring in the perspective of regional and global arrangements on disaster risk reduction. The RRD acknowledged this need and sought the support of the DRR WG to improve on the curriculum and trainings based on the curriculum. Review of curriculum is now underway by the DRR WG.

Local NGOs have also sought support for building their capacities on DRR. Various INGOs working on DRR have provided trainings to local NGOs since Cyclone Nargis. The increasing

demand for trainings was raised at the DRR WG meetings where it was decided to have a more coordinated and collaborated approach to build capacities of local NGOs. A basic training module was developed through the participation of various members and resource persons were identified according to their experience on the topic. This module has been applied for various trainings for local NGOs where the resource persons were from the DRR WG member agencies.

## PARTNERING FOR IMPROVING EARLY WARNING SYSTEM

Strengthening of an end-to-end Early Warning System for cyclones was another concern which was addressed by the DRR WG. Organizations at the community level highlighted that early warning information was necessary to reach communities in a simple, quick and coordinated manner. Using the Working Group platform, agencies raised the need to bring various government departments related to the issuance of Early Warning and address the gaps in the system. An interface between the respective government departments and DRR WG members was organized. Government departments such as General Administration Department, Department of Meteorology and Hydrology as well as broadcasting services of the Ministry of Information clarified their roles in the Early Warning System. DRR WG members shared their initiatives as well as the concerns at community level. Through discussions, recommendations were provided which were raised to the respective government departments at the Central level. It has been noted that during Cyclone Giri in October 2010, communities and local government officials received understandable and actionable early warning. This improvement of Early Warning System with corresponding community preparedness and awareness contributed to lesser number of fatalities due to Cyclone Giri but there is still areas for improvement to the system.

## GOOD PRACTICES

- Recognizing and respecting the role and value each agency can bring to the DRR sector has been able to sustain the interest and support of members to the Working Group.
- It was important to involve government in the initiative as they are equal partners to the growth of DRR in the country. The RRD has been made Honorary Chair as well as included in the planning of various activities implemented.
- Priorities for actions of the DRR WG were decided in a consultative process which has promoted greater ownership for taking action.
- The voluntary efforts and support from the various member agencies has been the foundation for the sustainability and success of the DRR WG.

## CHALLENGES

- Participation to the DRR Working Group is closely linked to funding opportunities on DRR in the country. It is seen that agencies participate at Working Group meetings or events on a regular basis when they have funding on DRR.
- There is limited participation of local NGOs at Working Group meetings or events. This could be related to a host of reasons which could include language of meetings (which is predominantly English) or the limited numbers of local NGOs implementing DRR related projects.
- DRR is everyone's business and there is a need to bring on board the private sector players and academia to the DRRWG.

## SUSTAINING THE GAINS MADE AND REPLICATION




- It is important to nurture leadership among member agencies by encouraging them to take on greater responsibilities in DRR WG initiatives. This will encourage and sustain their participation and interest to the Working Group. In this aspect, focus needs to be stressed on building leadership among the local NGOs.
- This can be replicated in other countries, where there is able and sustainable leadership, at least during the formation period of the Working Group. Once other agencies have adequate capacities to assume greater responsibilities, they should be given the opportunity to demonstrate leadership.




# အပြောင်းအလဲအတွက် ပူးပေါင်းဆောင်ရွက်ခြင်း

## ဘေးအန္တရာယ်လျှော့ချရေး လုပ်ငန်းအဖွဲ့

# နိဒါန်း

ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းအဖွဲ့ (DRR WG) ဆိုသည်မှာ ပြည်တွင်း၊ပြည်ပမှလူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများ၊ ပညာရှင်အဖွဲ့အစည်းများနှင့် အစိုးရဌာနများ ပူးပေါင်းဖွဲ့စည်းထားသည့် မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ DRR WG ကိုကုလသမဂ္ဂ၏ဆိုင်ကလုန်းနာဂစ်လွန် ညှိနှိုင်းပူးပေါင်းမှုအတွက် "အစုအဖွဲ့ဖြင့် ချည်းကပ်နည်းလမ်း" ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အစောပိုင်းကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းအုပ်စုသို့အစီရင်ခံခဲ့ရပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှာ ဂုဏ်ထူးဆောင်နာယကဖြစ်ပြီး ပူးတွဲဥက္ကဋ္ဌနေရာများကို ကုလသမဂ္ဂနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့် ပါဝင်ဖွဲ့စည်းခဲ့သည်။

နိုင်ငံတော်မူဝါဒများ၊ စီမံကိန်းများနှင့်လေ့လာမှုများတွင်ဘေးအန္တရာယ်လျှော့ချရေးအကြောင်းအရာများ ထည့်သွင်းပါဝင်နိုင်ရေးအတွက် အဖွဲ့ဝင်အဖွဲ့အစည်းအသီးသီးမှ တင်ပြခြင်းနှင့် နည်းပညာအထောက်အကူများပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်နိုင်ရန် အတွက် DRR WG သည် ဆွေးနွေးဖော်ထုတ်ရာနေရာတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။ ဘေးအန္တရာယ် ကြုံတွေ့နိုင်သောဒေသများ၏ အခက်အခဲများကို နိုင်ငံတော်အဆင့်တွင် တင်ပြနိုင်ကြပြီး ဘေးအန္တရာယ်လျှော့ချရေးကို အခြားကဏ္ဍများတွင် ပေါင်းစပ် ဆောင်ရွက်နိုင်ရေးအတွက်ကိုလည်း အခြားလုပ်ငန်းအဖွဲ့များနှင့် ပူးပေါင်းကြိုးပမ်းလျက်ရှိသည်။ အဖွဲ့အစည်းအသီးသီးမှ မိမိတို့ဆောင်ရွက်ပြီးစီးသွားသည့် အလေ့အကျင့်ကောင်းများ၊ သတင်းအချက်အလက်များအချင်းချင်းဝေမျှနိုင်ရေးအတွက် DRR WG သည် ဝန်းကျင်တစ်ခု ဖန်တီးပေးထားရာ ပွင့်လင်းမြင်သာမှု၊ ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် အတူတကွ သင်ယူလေ့လာမှုများအတွက် များစွာအထောက်အကူပြုနေပေသည်။

## ဘေးအန္တရာယ် လျှော့ချရေးကို ကဏ္ဍအသီးသီးတွင် ပေါင်းစပ်ဆောင်ရွက်နိုင်ရေး မိတ်ဖက်ဖွဲ့စည်းမှုများ

နာဂစ်ပြန်လည်ထူထောင်ရေး အစီအစဉ်အရ "နာဂစ်မုန်တိုင်းလွန် ပြန်လည်ထူထောင်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးအစီအစဉ် (PONREPP)" တွင် ဘေးအန္တရာယ်လျှော့ချရေးကဏ္ဍကို ထည့်သွင်းနိုင်ခြင်းသည် ဘေးအန္တရာယ်လျှော့ချရေးနယ်ပယ်တွင် လုပ်ငန်းများ ဆောင်ရွက်နေကြသည့် အဖွဲ့များအနေဖြင့် လုပ်ငန်းအတွေ့အကြုံများ ဖလှယ်နိုင်ခြင်း၊ မိတ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်ခြင်း စသည့် အခွင့်အရေးများ ပထမဆုံးအကြိမ် ရရှိခဲ့ခြင်းပင်ဖြစ်သည်။ အဆိုပါ အစီအစဉ်ရေးဆွဲရေးတွင် အစိုးရဌာနများ၊ ကုလသမဂ္ဂ၊ အလှူရှင်အဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပမှလူမှုရေးအဖွဲ့အစည်းများစသည့် အဖွဲ့အစည်း(၆၈)ဖွဲ့ ပါဝင်ခဲ့ကြပါသည်။ ကဏ္ဍအသီးသီးတွင် ဆောင်ရွက်နေကြသည့် အဖွဲ့များမှ ဘေးအန္တရာယ်လျှော့ချရေးကို အသက်မွေးဝမ်းကျောင်းကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဘေးဒဏ်ခံအဆောက်အအုံကဏ္ဍစသည်တို့တွင်ထည့်သွင်းပေါင်းစပ်နိုင်ရေးအတွက်မိမိတို့၏လုပ်ငန်းအတွေ့အကြုံများကို ဝေမျှခဲ့ကြသည်။

## မူဝါဒရေးရာအတွက် မိတ်ဖက်ဖွဲ့စည်းဆောင်ရွက်မှုများ

အစိုးရဌာနများ အနေဖြင့် ယိုဂိုမူဘောင် (HFA) တွင် ဖော်ပြထားသော ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် DRR WG သည် အဓိကပံ့ပိုးပေးသည့် လုပ်ငန်းအဖွဲ့လည်း ဖြစ်သည်။ ယိုဂိုမူဘောင်ဆိုင်ရာ ကြားဖြတ်အစီရင်ခံစာ တင်သွင်းရန်အတွက် DRR WG သည် အဖွဲ့အစည်းပေါင်းစုံ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဆောင်ရွက်နိုင်ရေး ဦးဆောင်ဆွေးနွေးပါဝင်ခဲ့သည်။ မြန်မာနိုင်ငံအတွင်း ယိုဂိုမူဘောင် လုပ်ငန်းစဉ်များ၏ တိုးတက်မှုများကို ဆန်းစစ်နိုင်ရန်အတွက် ကုလသမဂ္ဂ၏ ပံ့ပိုးမှုဖြင့် နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပနိုင်ခဲ့ပြီး DRR WG အဖွဲ့ဝင်အဖွဲ့အစည်းအသီးသီးနှင့် အစိုးရဌာန ကိုယ်စားလှယ်များကို ဖိတ်ခေါ်ဆွေးနွေးခဲ့ကြသည်။ လုပ်ငန်းစဉ်များကို စီမံကြီးကြပ်နိုင်ရေးအတွက်




လည်း အစိုးရဌာနများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုပေါင်းပါဝင်သည့် ဦးစီးကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းထားသည်။ ယိုဂိုမူဘောင်အရ ဦးစားပေးသတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအတွက် ဆပ်ကော်မတီများကို ဦးစီးကော်မတီဖွဲ့သည့်ပုံစံအတိုင်း ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ဆပ်ကော်မတီများတွင် အသင်းအဖွဲ့စိတ်ဓာတ်ကို မထိခိုက်စေဘဲ...

မဏ္ဍိုင်ထား၍အဖွဲ့ဝင်အသီးသီးမှ လုပ်ငန်းအတွေ့အကြုံဆိုင်ရာ သတင်းအချက်အလက်များကို ဝေမျှပေးခြင်းဖြင့် ယိုဂိုမူဘောင်ပါ ဦးစားပေးလုပ်ငန်းတစ်ခုစီအပေါ် အစီရင်ခံစာ ရေးသားနိုင်ရေးအတွက် ပံ့ပိုးကြပါသည်။ ဆပ်ကော်မတီအစည်းအဝေးများကြောင့်လည်း အဖွဲ့ဝင်များအနေဖြင့် အဖွဲ့အစည်းအချင်းချင်းထံမှ လေ့လာသင်ယူနိုင်သည့်အပြင် မြန်မာနိုင်ငံအတွင်း ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အလမ်းများလည်း ရရှိစေပါသည်။



ဆပ်ကော်မတီများတွင် ဆွေးနွေးပြုစုခဲ့ကြသည့်မူကြမ်းများကို ဒုတိယအကြိမ်ကျင်းပခဲ့သည့် နိုင်ငံတော်အဆင့် ယိုဂိုမူဘောင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြကာလိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ခဲ့ကြသည်။ ဦးစီးကော်မတီမှဆွေးနွေးချက်များကိုစုစည်းပြီး၊ ကြားဖြတ်အစီရင်ခံစာကို အပြီးသတ်ရေးဆွဲကာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ အတည်ပြုချက်ရယူရန်တင်ပြခဲ့ပါသည်။ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် ကြားဖြတ်အစီရင်ခံစာကို ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာဘေးအန္တရာယ်လျှော့ချရေး မဟာဗျူဟာအဖွဲ့အစည်း (UNISDR)သို့ ၂၀၁၀ခုနှစ်၊ နိုဝင်ဘာလတွင် အောင်မြင်စွာ တင်သွင်းနိုင်ခဲ့သည်။ အလားတူပင် ယိုဂိုမူဘောင်ဆိုင်ရာ လုပ်ငန်းသက်တမ်းဝက် အစီရင်ခံစာ တင်သွင်းနိုင်ရေးအတွက်ကိုလည်း ၂၀၁၁ ခုနှစ်၊ ဧပြီလတွင် အလားတူပူးပေါင်းစီစဉ်နိုင်ခဲ့ပါသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် အနီးကပ်

လက်တွဲလုပ်ဆောင်မှုများကြောင့် ရင်းနှီးဆက်နွှယ်မှု ခိုင်မာလာသည့်အလျောက် ၂၀၁၀ခုနှစ်၊အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ကိုလည်းအမျိုးသားအဆင့်အဖြစ် ပူးတွဲကျင်းပနိုင်ခဲ့သည်။ ဘေးအန္တရာယ်များလျော့ပါးရေး၊သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ လျှော့ချရေးနှင့် ကြိုတင်ပြင်ဆင်မှုများဆိုင်ရာ အလေ့အထများမြင့်မားလာစေရေး ရည်ရွယ်ချက်ဖြင့်အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပြင် ဆက်နွှယ်ပတ်သက်သူအားလုံးပါဝင်လျက် ပထမဦးဆုံးအကြိမ် အဖြစ် ပါဝင်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းစင်တာတွင်ကျင်းပခဲ့ပြီး အစိုးရဝန်ကြီးဌာနများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပလူမှုရေးအဖွဲ့အစည်းများမှကိုယ်စားလှယ်စုစုပေါင်း(၄၀၀)ခန့် တက်ရောက်ခဲ့ကြပြီး အမျိုးသား သဘာဝဘေး ကြိုတင်ပြင်ဆင်ထားရှိမှု ဗဟိုကော်မတီ၏ ဥက္ကဋ္ဌဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်မှ အဖွင့်မိန့်ခွန်းပြောကြားခဲ့ပါသည်။ ဤအချက်ကပင် နိုင်ငံတော်အဆင့်မှ လူမှုအဖွဲ့အစည်းများအား နိုင်ငံတော်အစိုးရနှင့် လက်တွဲဖော်ဆောင်နိုင်သည့် အခွင့်အလမ်းများဖွင့်ပေးခဲ့ကြောင်း ဖော်ပြနေပါသည်။ ယခုကဲ့သို့ အထိမ်းအမှတ်အခမ်းအနားကျင်းပနိုင်ခြင်းသည် ယိုဂိုမူဘောင်၏ ဦးစားပေးလုပ်ငန်းရပ်များဖြစ်သောဘေးအန္တရာယ်လျှော့ချရေးကိုကဏ္ဍအသီးသီးတွင်ပေါင်းစပ်ထည့်သွင်းလာစေရေးနှင့် နိုင်ငံတော်အဆင့်နှင့် ဒေသအသီးသီး၏ အဓိကဦးစားပေးဖြစ်ကြောင်း အစိုးရက အသိအမှတ်ပြုခဲ့ခြင်း ဖြစ်ပါသည်။ ထို့အပြင် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအကြား ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာလုပ်ငန်းများအတွက် ပိုမိုနီးကပ်စွာဆောင်ရွက်နိုင်ရန် ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ပြီး ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ပံ့ပိုးမှုလုပ်ငန်းများအတွက် အခွင့်အလမ်းများရရှိစေခဲ့ပါသည်။

## စွမ်းဆောင်ရည်မြှင့်မားရေးအတွက် မိတ်ဖက်ဖွဲ့စည်းမှုများ

ဆိုင်ကလုန်းနာဂစ် ဝင်ရောက်ခဲ့ပြီးနောက်ပိုင်းတွင် ဘေးအန္တရာယ်လျှော့ချရေးသည် ပိုမိုအရေးပါလာခဲ့သည်မှန်သော်လည်းငင်းနှင့်ပတ်သက်သည့် ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များမှာမူ အားနည်းခဲ့ပါသည်။ အဆိုပါစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် နိုင်ငံအဝှမ်းရှိဌာနဆိုင်ရာ အရာရှိများအတွက် သင်တန်းများစီစဉ်ပို့ချပေးခဲ့သည်။ အဆိုပါ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများတွင် DRR WG အဖွဲ့ဝင်များကလည်း ကဏ္ဍအလိုက် သင်တန်းနည်းပြများအဖြစ် ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသည်။ ထိုသို့ပူးပေါင်း ဆောင်ရွက်ခြင်းများကြောင့်ရရှိလာသည့် အကျိုးရလဒ်တစ်ခုမှာ သင်တန်းသင်ရိုးများနှင့်ပတ်သက်၍ ဖွဲ့စည်းတည်ဆောက်ပုံ၊ ပါဝင်သောအကြောင်းအရာများ၊ဆက်စပ်ဆီလျော်မှုနှင့် အသုံးတည့်မှုတို့အပြင် ဘေးအန္တရာယ်လျှော့ချရေးနှင့် ပတ်သက်၍ နိုင်ငံတကာနှင့် ဒေသတွင်းအစီအစဉ်များကိုပါ ထည့်သွင်းသုံးသပ်ရန် လိုအပ်သည်ဆိုသောအချက်များ သိမြင်လာကြသည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့်လည်းအဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်သင်ရိုးညွှန်းတမ်းများပြုစုရန်နှင့် ငင်းတို့အပေါ် အခြေခံသည့်သင်တန်းများစီစဉ်ပေးရေးအတွက် DRR WG နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ သင်ရိုးညွှန်းတမ်းများပြန်လည်ဆန်းစစ်ရေးဆွဲခြင်းကို DRR WG မှဆောင်ရွက်နေဆဲဖြစ်သည်။

ပြည်တွင်းမှ လူမှုရေးအဖွဲ့အစည်းများကလည်း ဘေးအန္တရာယ်လျှော့ချရေးနှင့် ပတ်သက်ပြီး ငင်းတို့၏စွမ်းဆောင်ရည်များ မြှင့်တင်နိုင်ရန် DRR WG ထံမှ ပံ့ပိုးမှုများ တောင်းခံနိုင်ပါသည်။ ဘေးအန္တရာယ်လျှော့ချရေးကို ဆောင်ရွက်လုပ်ကိုင်နေသည့် ပြည်ပလူမှုရေးအဖွဲ့အစည်းများသည် နာဂစ်မုန်တိုင်းဖြစ်ပွားပြီးချိန်မှစ၍ ပြည်တွင်းအဖွဲ့အစည်းများအတွက် သင်တန်းများပံ့ပိုးပေးခဲ့ကြသည်။သင်တန်းလိုအပ်မှုများများပြားလာသောကြောင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ပူးပေါင်းစီစဉ်ပြီး စုပေါင်း

ပို့ချပေးသည့်သင်တန်းအစီအစဉ်များဖြင့် ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ အဖွဲ့ဝင်များ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ အခြေခံအဆင့် သင်ခန်းစာတစ်ရပ်ကို ရေးဆွဲနိုင်ခဲ့ပြီး ပို့ချပေးမည့်သူများကိုလည်းသက်ဆိုင်ရာကဏ္ဍအလိုက် ၎င်းတို့၏ ကျွမ်းကျင်မှုအပေါ်မူတည်၍ ရွေးချယ်ဖော်ထုတ်နိုင်ခဲ့ကြသည်။ထိုသင်တန်းစဉ်ကိုပြည်တွင်းမှ လူမှုရေးအဖွဲ့အစည်းများအတွက် ပို့ချပေးခဲ့ပြီးနည်းပြများမှာမူ DRR WG အဖွဲ့ဝင်အဖွဲ့အစည်းများဖြစ်ကြသည်။



## ကြိုတင်သတိပေးစနစ်များ ပိုမိုကောင်းမွန်လာရေးအတွက် မိတ်ဖက်ဖွဲ့စည်းမှုများ

ကြိုတင်သတိပေးမှုစနစ်ကို ရပ်ရွာပြည်သူအထိရောက်ရှိရေးအားဖြည့်ဆောင်ရွက်ရန်လိုအပ်ကြောင်းကိုလည်း DRR WG မှဖော်ပြခဲ့ပါသည်။နားလည်ရန် လွယ်ကူသော ကြိုတင်သတိပေးမှုသတင်းအချက်အလက်များ ရပ်ရွာလူထုထံသို့ လျင်မြန်စွာရောက်ရှိရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးသည် အလွန်အရေးကြီးကြောင်းကို ကျေးရွာအဆင့်တွင် လုပ်ငန်းများဆောင်ရွက်နေသောအဖွဲ့အစည်းများကဖော်ထုတ်တင်ပြခဲ့ကြသည်။ကြိုတင်သတိပေးချက်

ထုတ်ပြန်ခြင်းနှင့် သက်ဆိုင်သော အစိုးရဌာနများအား သတိပေးစနစ် အတွင်း လစ်ဟာနေမှုများကို ဖြေရှင်းရေးတို့အတွက် ဆောင်ရွက်ပေးသင့်ကြောင်းကို လုပ်ငန်းအဖွဲ့မှတစ်ဆင့် အဖွဲ့အစည်းများမှ တင်ပြခဲ့ကြသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့ကလည်းကြိုတင်သတိပေးမှုစနစ်ဆိုင်ရာ ၎င်းတို့၏ အခန်းကဏ္ဍများကို ရှင်းရှင်းလင်းလင်းဖော်ထုတ်လာကြသည်။ DRR WG အဖွဲ့ဝင်များကလည်း မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများအပြင် ကျေးရွာလူထုအဆင့်ရှိ စိုးရိမ်ပူပန်မှုများကိုပါဖော်ထုတ်ဆွေးနွေးလာကြသည်။အချင်းချင်းတိုင်ပင်ဆွေးနွေးမှုများမှတစ်ဆင့် ပေါ်ထွက်လာခဲ့သည့် အကြံပြုချက်များကို နိုင်ငံတော်အဆင့်တွင် သက်ဆိုင်ရာ အစိုးရဌာနများသို့ တင်ပြနိုင်ခဲ့ကြသည်။ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလအတွင်းတိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းဂီရိတွင် ရပ်ရွာလူထုများနှင့် နယ်မြေခံဌာနဆိုင်ရာအရာရှိများသည် နားလည်လွယ်သော၊ တုံ့ပြန်ဆောင်ရွက်ရလွယ်ကူသော ကြိုတင်သတိပေးချက်များလက်ခံရရှိခဲ့သည်။ အဆိုပါ ပိုမိုကောင်းမွန်လာသည့် ကြိုတင်သတိပေးချက်နှင့် ရပ်ရွာပြည်သူများ၏ ကြိုတင်ပြင်ဆင်မှုနှင့် သတိပြုမှုတို့ကြောင့် ဆိုင်ကလုန်းဂီရိတွင် အသေအပျောက် သိသိသာသာလျော့နည်းခဲ့ပါသည်။ ကြိုတင်အသိပေးမှုစနစ်တစ်ခုလုံး ကောင်းမွန်ရေးအတွက် ဆက်လက်လုပ်ဆောင်ရန်များလည်း ကျန်ရှိနေပါသေးသည်။

## အလေ့အကျင့်ကောင်းအဖြစ် သတ်မှတ်ရခြင်း

- ဘေးအန္တရာယ်လျှော့ချရေးကဏ္ဍတွင် လုပ်ဆောင်နေသော အဖွဲ့ဝင်အသီးသီး၏ အခန်းကဏ္ဍနှင့် အရေးပါမှုကို အသိအမှတ်ပြုလေးစားခြင်းကြောင့်လုပ်ငန်းအဖွဲ့အပေါ်အဖွဲ့ဝင်များ၏ စိတ်ဝင်စားမှု၊ ကူညီပံ့ပိုးမှုများ ရေရှည်တည်တံ့နိုင်ပေသည်။
- မြန်မာနိုင်ငံအတွင်း ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး

လာရေးတွင် အစိုးရဌာနများသည် တန်းတူညီမျှ မိတ်ဖက်များပင်ဖြစ်ရာ DRR WG တွင် အစိုးရဌာနများ ပူးပေါင်းပါဝင်လာရေးသည်လည်း အရေးကြီးပေသည်။ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနသည် ဂုဏ်ထူးဆောင်နာယကဖြစ်သည်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များစီစဉ်ရေးဆွဲရာတွင် ပါဝင်ပါသည်။

- DRR WG မှ ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ်များရွေးချယ်ဆုံးဖြတ်ရာတွင် စုပေါင်းတိုင်ပင်သည့်နည်းကို အသုံးပြုထားသဖြင့် အဖွဲ့ဝင်အဖွဲ့အစည်းများမှ မိမိတို့၏ လုပ်ငန်းအစီအစဉ်အဖြစ် မှတ်ယူအလေးထားပါသည်။
- DRR WG အဖွဲ့ဝင်များ၏ လူမှုဝန်ထမ်းစိတ်ဖြင့် ကြိုးပမ်းမှုနှင့် ထောက်ပံ့ပါဝင်မှုတို့သည် DRR WG ၏ ရေရှည်တည်တံ့ရေးနှင့် အောင်မြင်ရေးတို့ အခြေခံအုတ်မြစ်ဖြစ်ပါသည်။

## အခက်အခဲများ

- DRR WG တွင်ပူးပေါင်းပါဝင်နိုင်ရေးသည် နိုင်ငံအတွင်း ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများအတွက် ရန်ပုံငွေရရှိမှုနှင့် အဓိကဆက်စပ်နေသည်။ လုပ်ငန်းအဖွဲ့အစည်းအဝေးများတွင် ပုံမှန်ပါဝင်သော အဖွဲ့အစည်းများသည် ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ရံပုံငွေရရှိထားသောအဖွဲ့အစည်းများဖြစ်ကြောင်း တွေ့ရပါသည်။
- DRR WG လုပ်ငန်းအဖွဲ့အစည်းအဝေးများ၊ အခမ်းအနားများတွင် ပြည်တွင်းမှ လူမှုရေးအဖွဲ့အစည်းများ၏ပါဝင်မှုအားနည်းနေဆဲဖြစ်သည်။ထိုသို့ဖြစ်နေရခြင်းမှာအစည်းအဝေးများတွင်အသုံးပြုသောဘာသာစကား(များသောအားဖြင့်အင်္ဂလိပ်ဘာသာစကားကို သာအသုံးပြုခြင်းကြောင့်)သော်လည်းကောင်း ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ

လုပ်ငန်းများ ဆောင်ရွက်နေသော ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ နည်းပါးနေခြင်းကြောင့်လည်းကောင်းဖြစ်နိုင်ပါသည်။

- ဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းသည် လူတိုင်းနှင့်သက်ဆိုင်ပေရာ ပုဂ္ဂလိကကဏ္ဍနှင့် ပညာရပ်ဆိုင်ရာကဏ္ဍတို့မှ DRR WG တွင်ပါဝင်လာစေရန် လိုအပ်ပါသည်။




## ရရှိလာသည့်အကျိုးကျေးဇူးများ ရေရှည်တည်တံ့ရေးနှင့် ဆင့်ပွားကူးယူ အသုံးချနိုင်ရေး

- DRR WG ၏ လုပ်ငန်းစဉ်များတွင် တာဝန်ပိုယူတတ်စေရန် လှုံ့ဆော်ပေးခြင်းဖြင့် အဖွဲ့ဝင်အဖွဲ့အစည်းများအကြားဦးဆောင်လိုစိတ်များ ပြုစုပျိုးထောင်ပေးသင့်ပါသည်။သို့မှသာလုပ်ငန်းအဖွဲ့အပေါ်အဖွဲ့အစည်းများမှ ဆက်လက်စိတ်ဝင်စားနေစေရန်နှင့် ရေရှည်တည်တံ့စေရန် ဆောင်ရွက်နိုင်ပေမည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်ပြည်တွင်းအဖွဲ့အစည်းများအကြားဦးဆောင်မှုအလေ့အထ

ကိုယခုထက်ပို၍တည်ဆောက်မြှင့်တင်သွားသင့်သည်။

- အလားတူလုပ်ငန်းအဖွဲ့မျိုးကို အခြားနိုင်ငံများတွင်လည်း ဆင့်ပွားအသုံးပြုနိုင်ပါသည်။ ထိုသို့ဆောင်ရွက်ရန် အနည်းဆုံးလုပ်ငန်းအဖွဲ့ စတင်ဖွဲ့စည်းစဉ်တွင် စွမ်းဆောင်ရည်ရှိပြီး ရေရှည်ဆောင်ရွက်နိုင်သောခေါင်းဆောင်မှုရှိရန်လိုအပ်ပါသည်အခြားအဖွဲ့ဝင်များမှ တာဝန်ပိုယူနိုင်လာသည်ဆိုပါက ဦးဆောင်မှုပြုရန် အခွင့်အလမ်းများ ဖန်တီးပေးသင့်ပါသည်။




# PARTNERING FOR CAPACITY BUILDING

## SAVE THE CHILDREN MYANMAR

## INTRODUCTION

The response to the devastation caused by Cyclone Nargis in 2008, brought the need for trained and experienced response personnel, sharply into focus. In the case of Nargis response, the rapid deployment of staff from various parts of Myanmar and even other countries filled the existing gap. However, despite these measures, several new and inexperienced staff also had to be recruited to respond to the disaster. Throughout the course of the response, Save the Children found that the disaster response had exposed several limitations in the skills and knowledge of existing and new staff. The team was eager to overcome these gaps and wanted to acquire the skills and practices required to operate in both emergency and development context and apply disaster risk reduction perspectives in their work.

Based on this experience, Save the Children developed the Disaster Response and Resilience Learning Project (DRRLP) as a multi-agency initiative for training national humanitarian workers engaged in the Nargis response to introduce international humanitarian standards and best practices in disaster management thereby strengthening capacities of humanitarian agencies in Myanmar.

## THE INITIATIVE

To bring in experiences and ideas from other agencies in designing this project, Save the Children formed a Steering Committee which comprised of ten members representing Myanmar NGOs, international NGOs and local capacity building and networking organizations. This Steering Committee would also provide direction, feedback and recommendations during the project development process. One of the initial steps was a Learning Needs Assessment exercise which identified the learning needs and interest areas of field level humanitarian staff working on Cyclone Nargis response. Based upon the findings of the Learning Needs Assessment, the overall project

and approach was designed which shifted from the teacher-centered approach commonly used in Myanmar to a participant-centered learning approach. This approach was able to facilitate sharing of experiences from participants which became the knowledge base for different learning modules within the project.

The program was originally planned for implementation in the Delta region targeting field level humanitarian staff working in the Nargis response. But due to overwhelming requests from local organizations, the DRRLP expanded its coverage to Rakhine, Kachin, Shan, Mon, and Kayin states as well as Mandalay, Magway and Bago regions. More than 1200 participants (men: 683, women: 681) from over 100 organizations, ranging from small and community-based organizations to large international organizations, participated in the DRRLP during 2009 - 2010.

The DRRLP had a strong focus on field level components which met the specific needs of participants for a response operation. Participants also learned through sharing experiences and mapping the local networks and organizations to localize response to a disaster.

The activities and resources, developed specifically to support the project's learning approach



included a self-study workbook, workshop, discussion group meetings and exposure visits, which together comprised the Disaster Preparedness Program (DPP). This approach blended both theoretical and practical aspects to learning and strengthened the conceptual understanding of participants.

For example, the self-study book provided basic information, in a simplistic manner, about humanitarian principles and standards, disaster preparedness and response, project management and working with affected communities. Workshops were conducted stressing upon the contents of the self-study books. It was also a platform where participants could exchange ideas, experiences and raise doubts. Focused group discussions were also encouraged among participants providing them the opportunity to discuss their learning, and how they applied their learning to their work context. Following this, exposure trips were organized wherein participants visited other agencies to observe, learn and assess innovative practices, approaches and programs. The Steering Committee played an important role in encouraging agencies to allow participants to visit their project areas which also benefited the host agency as it learnt from the visiting participants.

The entire DRRLP process was completed in 25 months - from September 2008 to December 2010. At the end of the project, an internal evaluation was facilitated by the Steering Committee and Save the Children among the participants to access the effectiveness and appropriateness of the project. The evaluation found that the levels of understanding regarding humanitarian context as well as disaster preparedness had increased among all participants. An external evaluation by Save the Children was also carried out. The findings and recom-mendations from these two evaluations would contribute to the design of the next stage of the DRRLP which is expected to put more focus on integrating the learnings from these evaluations and introduce simulation exercises which would to deepen understanding and effectively transfer learning to their job.

## GOOD PRACTICES

- **Combine innovative & traditional approaches:** The rationale for developing a self-study workbook was to enable staff to learn on their own without taking them away from their work for significant periods of time at their own pace. Initially a concern was that the self-study approach would not be effective in Myanmar without a motivation such as a quiz or test. A decision was therefore made to use a traditional learning format (short workshop) to introduce, support and build confidence in the innovative approach (self-study workbook).
- **Participatory approach to activity design:** Involving facilitators in the development and review of the learning activities was very useful as they contributed local knowledge and experience and it also helped to enhance their commitment to the program.
- **Draw on local expertise:** The Steering Committee comprised of various agencies was an important resource for project development. Despite challenges with convening all members for meetings, their contribution was extremely valuable due to their expertise in emergencies, NGO context, training, etc.
- **Create opportunities for knowledge transfer:** The strong interest participants expressed to transfer and share their knowledge and learning with colleagues and community members exceeded the expectations of project staff. Further consideration should be given to how the program can support this opportunity to expand its reach across the humanitarian sector and communities.
- **Promote learning for all staff in an emergency:** Feedback from participants indicated that there are some biases toward prioritizing

humanitarian training for program staff over support staff, however the foundational knowledge provided in this program is essential for all humanitarian and NGO staff – even those not directly engaged in front-line emergency work.

## CHALLENGES

- It was evident that training and capacity building opportunities was provided for mid to senior level staff, thereby neglecting the learning needs of lower level and front-line staff, particularly those based in the field.
- It was not possible to visit each township for face-to-face meetings with participating organizations prior to implementation for establishing relationships with their managers and senior personnel who could encourage and support their staff to participate in the program.

## SUSTAINING THE GAINS MADE AND REPLICATION

- To ensure the appropriate and equitable participant selection, clear guidance and follow-up should be provided to interested organizations.
- Further scoping and identification of online resources and humanitarian courses that could be annexed in the workbook or utilized for further reference should be undertaken.
- It was made clear that participants and their organizations can copy and distribute the workbooks as they see fit.
- When agencies understand and able to see clearly the long-term benefits of the initiative, this would foster greater team spirit within the partnering agencies and enabling a more congenial environment to work in.




# စွမ်းဆောင်ရည်မြှင့်တင်ခြင်းအတွက် မိတ်ဖက်ဆောင်ရွက်မှုများ

Save the Children
(မြန်မာ)

# နိဒါန်း

ဘေးအန္တရာယ် ကျရောက်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် အတွေ့အကြုံရှိပြီး လေ့ကျင့်ပေးထားသော ဝန်ထမ်းများ လိုအပ်ကြောင်းကို ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်း တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများတွင်မှ သိမြင်လာကြပါသည်။ နာဂစ်ဖြစ်ရပ်တွင် မြန်မာပြည်အရပ်ရပ်မှ ဝန်ထမ်းများသာမကပြည်ပမှဝန်ထမ်းများကိုပါ အလျင်အမြန်ခေါ်ယူ၍ အဆိုပါ လိုအပ်ချက်ကိုဖြည့်ဆည်းပေးခဲ့ရသည်။ ထိုသို့ ဖြည့်တင်းပေးခဲ့သော်ငြား မပြည့်မီနိုင်သေးသဖြင့် အတွေ့အကြုံနည်းပါးသည့် ဝန်ထမ်းအသစ်များကိုပါ ထပ်မံခေါ်ယူခဲ့ရသည်။ တုံ့ပြန်မှုလုပ်ငန်းစဉ်တစ်ခုလုံးတွင် Save the Children မှ သတိပြုမိသည်မှာ ဘေးအန္တရာယ်တုံ့ပြန်မှုအတွက် ရှိနှင့်ပြီး ဝန်ထမ်းများ၊ အသစ်ခန့်ထားသည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် အသိပညာများမှာ ကန့်သတ်ချက်များရှိနေသေးသည်ဆိုသည့် အချက်ဖြစ်သည်။ အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် အရေးပေါ်အခြေအနေတွင်သာမက ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဘေးအန္တရာယ်လျော့ပါးရေးအစီအမံများ ထည့်သွင်းသွားနိုင်ရန် ကျွမ်းကျင်မှုနှင့် အလေ့အကျင့်တို့ မြှင့်တင်ပေးရန် စိတ်အားထက်သန်ခဲ့ပါသည်။

ထိုအတွေ့အကြုံများအပေါ်မူတည်၍ Save the Children သည် ဘေးအန္တရာယ်တုံ့ပြန်မှုနှင့် ဘေးဒဏ်ခံနိုင်မှုသင်ယူရေးစီမံချက် (Disaster Response and Resilience Learning Project -DRRLP) ကို အဖွဲ့အစည်းစုံပါဝင်မှုပုံစံဖြင့် စီစဉ်ရေးဆွဲ ခဲ့သည်။ နာဂစ်မုန်တိုင်းတုံ့ပြန်ဆောင်ရွက်မှုလုပ်ကိုင်နေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြည်တွင်းအဖွဲ့အစည်းများမှ ဝန်ထမ်းများအား ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ပတ်သက်သော နိုင်ငံတကာမှလူသားချင်းစာနာထောက်ထားမှုဆိုင်ရာစံနှုန်းများ၊ အလေ့အကျင့်ကောင်းများ မိတ်ဆက်သင်ကြားပေးရန်နှင့် မြန်မာနိုင်ငံအတွင်းရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။

## လုပ်ငန်းဆောင်ရွက်မှုများ

စီမံကိန်းတစ်ခုလုံးကို ရေးဆွဲပြင်ဆင်ရာတွင် အခြားအဖွဲ့အစည်းများမှ အတွေ့အကြုံနှင့် စိတ်ကူးများကို ထည့်သွင်းပေးနိုင်ရန်အတွက် Save the Children သည် ပြည်တွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၊စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကွန်ရက်ချိတ်ဆက်ပေးရေးလုပ်ငန်းများဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှအဖွဲ့ဝင်(၁၀)ဦးပါဝင်သည့် ဦးစီးကော်မတီတစ်ရပ်ကိုဖွဲ့စည်းခဲ့သည်။ စီမံကိန်းပြင်ဆင်ရေးဆွဲမှုလုပ်ငန်းစဉ်တွင် အဆိုပါ ဦးစီးကော်မတီက လမ်းညွှန်ချက်၊ အကြံပြုချက်များ ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ပထမဦးဆုံး ခြေလှမ်းတစ်ရပ်အနေဖြင့် "သင်ယူလေ့လာမှုလိုအပ်ချက်ဆန်းစစ်မှု" လေ့ကျင့်ခန်းများဆောင်ရွက်ခဲ့ပြီး နာဂစ်မုန်တိုင်းတုံ့ပြန်ဆောင်ရွက်ရေးလုပ်ကိုင်နေသည့် လက်တွေ့ကွင်းဆင်းဝန်ထမ်းများ၏ သင်ယူလေ့လာမှုလိုအပ်ချက်နှင့် စိတ်ဝင်စားမှုတို့ကို ဖော်ထုတ်ခဲ့ကြသည်။ "သင်ယူလေ့လာမှုလိုအပ်ချက် ဆန်းစစ်မှု" ကို အခြေခံပြီးနောက် စီမံကိန်းကြီးတစ်ခုလုံးကိုရေးဆွဲပြုစုခဲ့ကြသည်။



မြန်မာနိုင်ငံတွင် အသုံးပြုနေကျ နည်းလမ်းဖြစ်သော ဆရာဗဟိုပြု သင်ကြားမှုနည်းစနစ်မှ သင်တန်းသား ဗဟိုပြုသင်ကြားမှုနည်းစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ကြသည်။တက်ရောက်လာသည့် သင်တန်းသားများ၏ အတွေ့အကြုံမျှဝေမှုများကို စီမံကိန်းအတွင်းသင်ယူလေ့လာမှု သင်ခန်းစာ၏ အသိပညာ ဗဟုသုတ အခြေခံအဖြစ်ထားရှိပါသည်။

ဤစီမံကိန်း၏ ပထမဦးတည်အုပ်စုမှာ မြစ်ဝကျွန်းပေါ်ဒေသတွင် နာဂစ်တုံ့ပြန်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် လက်တွေ့ကွင်းဆင်းဝန်ထမ်းများဖြစ်သည်။ သို့သော် ပြည်တွင်းအဖွဲ့အစည်းများမှ တောင်းဆိုလာကြသဖြင့် ရခိုင်၊ ကချင်၊ ရှမ်း၊ မွန်နှင့် ကရင်ပြည်နယ်တို့အပြင် မန္တလေး၊ မကွေးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်ပါ DRRLP စီမံကိန်းကို တိုးချဲ့ခဲ့ရသည်။ ရပ်ရွာအခြေပြုအဖွဲ့အစည်းငယ်များမှသည် နိုင်ငံတကာမှ အဖွဲ့အစည်းကြီးများအထိ အဖွဲ့အစည်း(၁၀၀)ကျော် သင်တန်းသားအရေအတွက်အားဖြင့် (အမျိုးသား–၆၈၃၊ အမျိုးသမီး–၆၈၁)ဦးပါဝင်သည့် DRRLP စီမံကိန်း ကို ၂၀၀၉ – ၂၀၁၀ ခုနှစ်တွင် အကောင်အထည်ဖော်နိုင်ခဲ့သည်။

DRRLP စီမံကိန်းသည် အောက်ခြေအဆင့်ဝန်ထမ်းများကို အဓိကထား ဆောင်ရွက်ခြင်းဖြစ်သဖြင့် တုံ့ပြန်မှုလုပ်ငန်းများအတွက် အမှန်တကယ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။တက်ရောက်ခဲ့ကြသည့် သင်တန်းသားများမှာလည်းအတွေ့အကြုံများ မျှဝေခြင်းမှတစ်ဆင့် သင်ယူနိုင်ကြပြီး ဘေးအန္တရာယ်တစ်ခုကို ရင်ဆိုင်တုံ့ပြန်ရာတွင် ဒေသတွင်း အခြေအနေနှင့် ကိုက်ညီစေရေးအတွက်ဒေသအတွင်းမှ ကွန်ယက်များ၊ အဖွဲ့အစည်းများကို စုစည်းဖော်ထုတ်နိုင်ခဲ့ကြသည်။

စီမံကိန်း၏ သင်ယူလေ့လာမှုကိုအထောက်အကူဖြစ်စေနိုင်ရန်အတွက် ထုတ်ဝေခဲ့သောစာအုပ်စာတမ်းနှင့်သင်တန်းလုပ်ငန်းများတွင်ကိုယ်တိုင်လေ့လာသင်ယူရမည့် လေ့ကျင့်ခန်းစာအုပ်၊ အလုပ်ရုံဆွေးနွေးပွဲ၊ အဖွဲ့လိုက် ဆွေးနွေးခြင်းများနှင့်ကွင်းဆင်းလေ့လာမှုများပါဝင်ပြီးၿငင်းတို့အားလုံးကို စုပေါင်းခြင်းအားဖြင့် "ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုအစီအစဉ် (Disaster Preparedness Program-DPP)" ကို ဖော်ဆောင်နိုင်ခဲ့သည်။

ယင်းသို့ဆောင်ရွက်မှုတွင် စာတွေ့ပိုင်းနှင့် လက်တွေ့တို့ကို ပေါင်းစပ်ရောနှော ထားသဖြင့် သင်တန်းသားများအား အယူအဆ သဘောတရားနှင့် ယှဉ်၍ သဘောပေါက်နားလည်မှုကို ရင့်သန် စေခဲ့သည်။

ဥပမာပြရလျှင် ကိုယ်တိုင် သင်ယူလေ့လာရသည့် လေ့ကျင့်ခန်း စာအုပ်တွင် လူသားချင်းစာနာမှုဆိုင်ရာ စည်းမျဉ်းများ၊ စံနှုန်းများနှင့် ပတ်သက် သည့် အခြေခံသတင်းအချက်အလက် များ၊ ဘေးအန္တရာယ်ကြိုတင် ပြင်ဆင် ထားရှိမှုနှင့် တုံ့ပြန်မှု၊ စီမံကိန်းစီမံခန့်ခွဲမှု နှင့် ဘေးဒဏ်သင့် ရပ်ရွာလူထုနှင့်တွဲဖက် လုပ်ကိုင်ခြင်းအကြောင်းတို့ကို ရိုးစင်း လွယ်ကူစွာ တင်ပြထားသည်။ အဆိုပါ လေ့ကျင့်ခန်းစာအုပ်၌ပါရှိသည့်အကြောင်း အရာများနှင့်စပ်လျဉ်း၍ အလုပ်ရုံ ဆွေးနွေးပွဲများကိုလည်း ကျင်းပပြုလုပ် ခဲ့သည်။ ထိုဆွေးနွေးပွဲများမှာလည်း သင်တန်းသားများအတွက် စိတ်ကူး စိတ်သန်းများ၊ အတွေ့အကြုံများဝေမျှ ခြင်း၊ မရှင်းလင်းသည့်အချက်များအား ဖော်ထုတ်ဆွေးနွေးခြင်းတို့ပြုလုပ်နိုင် သည့်ဝန်းကျင်တစ်ခုဖြစ်လာသည်။ ဦးတည်ခေါင်းစဉ်အလိုက် ဆွေးနွေးဖက် အုပ်စုများဖန်တီးပေးထားခြင်းကြောင့် လည်းမိမိတို့သင်ယူလေ့လာထားခဲ့သည့် အသိပညာများအား လုပ်ငန်းခွင်တွင် မည်သို့အသုံးချနိုင်မည်ကိုလည်းဆွေးနွေး ဖော်ထုတ်နိုင်လာကြသည်။တစ်ဆက် တည်းမှာပင်လက်တွေ့ကွင်းဆင်းလေ့လာမှု အစီအစဉ်အရ အခြားအဖွဲ့အစည်း များသို့ သွားရောက်လေ့လာနိုင်ခြင်းဖြင့် ဆန်းသစ်သောအလေ့အကျင့်များ၊ ချဉ်း ကပ်ပုံနည်းလမ်းများနှင့် လုပ်ငန်းစဉ် များကို လေ့လာနိုင်ခဲ့ကြသည်။ အဖွဲ့ အစည်းများ၏ စီမံကိန်းလုပ်ငန်းခွင်များ သို့သင်တန်းသားများလာရောက်လေ့လာ ခွင့်ပြုရေးအတွက် တောင်းဆိုရာတွင် ဦးစီးကော်မတီက အဓိကတာဝန်ယူ ဆောင်ရွက်ပေးရသည်။လာရောက် လေ့လာကြသည့် သင်တန်းသားများ ထံမှ ပြန်လည်သင်ယူနိုင်သည့်အတွက် ကြောင့်လည်း အိမ်ရှင်အဖွဲ့အစည်း အတွက် အကျိုးဖြစ်ထွန်းစေပါသည်။

DRRLP စီမံကိန်းကြီးတစ်ခု လုံးကို ၂၀၀၈ ခုနှစ်၊ စက်တင်ဘာမှစ၍ ၂၀၁၀ ခုနှစ်၊ဒီဇင်ဘာလအထိ (၂၅)လ ကြာအောင် ဆောင်ရွက်ခဲ့သည်။ စီမံကိန်း အပြီးတွင် ဦးစီးကော်မတီနှင့် Save the Children တို့၏ ပံ့ပိုးမှုဖြင့် စီမံကိန်း

အတွင်း အကဲဖြတ်ဆန်းစစ်မှုများကို သင်တန်းသားများအပေါ် ဆောင်ရွက်ခဲ့ပြီး စီမံကိန်း၏ အကျိုးသက်ရောက်မှုနှင့် ဆီလျော်မှုတို့ကို သုံးသပ်ခဲ့ကြသည်။ ပြင်ပမှအကဲဖြတ်ဆန်းစစ်မှုကိုလည်း Save the Children က ဆောင်ရွက်ခဲ့သည်။ အဆိုပါဆန်းစစ်ချက်နှစ်ခုမှ တွေ့ရှိချက်များသည် DRRLP ၏ နောက်ပိုင်းအဆင့်များ ပြုစုပြင်ဆင်ရာတွင် အထောက်အကူပြုသွားမည်ဖြစ်သည်။ အကဲဖြတ်ချက်မှ တွေ့ရှိချက်များကို အလေးထားပြီးထည့်သွင်းသွားမည့် အပြင် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းများကိုပါ ပေါင်းစပ်ထည့်သွင်းထားမည်ဖြစ်သောကြောင့်သင်ခန်းစာများကို ပိုမိုနားလည်စေပြီးလေ့လာသင်ယူထားသမျှကို သဘောပေါက်စွာ လက်တွေ့အသုံးချနိုင်မည်ဖြစ်သည်။

## အလေ့အကျင့်ကောင်းများ

***တီထွင်ဆန်းသစ်မှုနှင့်အစဉ်အလာနည်းလမ်းများကို ပေါင်းစပ်ထားခြင်း။***

ကိုယ်တိုင်သင်ယူလေ့လာရမည့် လေ့ကျင့်ခန်းစာအုပ်ပြုစုထုတ်ဝေရခြင်းမှာ ဝန်ထမ်းများအနေဖြင့် မိမိလုပ်ငန်းခွင်မှ ကင်းကွာစရာမလိုဘဲ မိမိကိုယ်တိုင်သင်ယူလေ့လာနိုင်စေရန်ပင် ဖြစ်သည်။ သို့သော်လည်း ညဏ်စမ်းမေးခွန်းများ၊ မေးခွန်းလွှာများမပါရှိပါက ကိုယ်တိုင်သင်ယူလေ့လာခြင်းနည်းလမ်းသည် မြန်မာနိုင်ငံတွင် ထိရောက်လိမ့်မည်မဟုတ်ဟူသော ယူဆချက်များ အစောပိုင်းက ရှိနေခဲ့သည်။ထို့ကြောင့်ဆန်းသစ်မှုနည်းလမ်းအရ ပြုစုထားသော ကိုယ်တိုင်သင်ယူလေ့လာရသည့် လေ့ကျင့်ခန်းစာအုပ်ကို မိတ်ဆက်ပေးပြီး ၎င်းအပေါ် ယုံကြည်မှုရှိစေရေး အထောက်အပံ့ဖြစ်ရန်အတွက် သုံးနေကျနည်းလမ်းဖြစ်သောအသေးစားအလုပ်ရုံဆွေးနွေးပွဲ နည်းလမ်းကိုလည်း အသုံးပြုရန် ဆုံးဖြတ်ခဲ့သည်။

***သင်တန်း၏လုပ်ငန်းစဉ်များကို အများပူးပေါင်း ပါဝင်ဆောင်ရွက်မှုနည်းလမ်းဖြင့်ပုံဖော်ခြင်း။***

သင်ယူလေ့လာမှုလုပ်ငန်းစဉ်များကို ပြုစုခြင်းနှင့် သုံးသပ်ခြင်းတို့တွင် သင်တန်းနည်းပြများအားပါဝင်စေခြင်းသည် အလွန်အသုံးဝင်ပေသည်။ ဒေသ

တွင်း အသိပညာနှင့် အတွေ့အကြုံများကို အကြံပြုထည့်သွင်းနိုင်ကြသည့်အပြင် စီမံကိန်းအပေါ်တွင်လည်း ပိုမိုအလေးအနက်ထားလာစေသည်။

***ဒေသဆိုင်ရာ ကျွမ်းကျင်မှုများ ထည့်သွင်းထားခြင်း။***

ဦးစီးကော်မတီတွင် အဖွဲ့အစည်းအမျိုးမျိုးပါဝင်နေခြင်းကလည်း စီမံကိန်း အောင်မြင်မှုအတွက် အရေးပါသည့် ရင်းမြစ်တစ်ခုပင်ဖြစ်သည်။ အဖွဲ့ဝင်အားလုံး အစည်းအဝေးသို့ ပုံမှန်တက်ရောက်ရေးမှာမလွယ်ကူသော်လည်း အဖွဲ့ဝင်များမှ အရေးပေါ် အခြေအနေများတွင်၎င်းတို့၏အခန်းကဏ္ဍ၊ အတွေ့အကြုံများ၊ NGO အတွေ့အကြုံများနှင့် သင်တန်းအတွေ့အကြုံများကို ဝိုင်းဝန်းပံ့ပိုးပေးကြသည်မှာ အလွန်ပင် တန်ဖိုးရှိလှပေသည်။

***အသိပညာလွှဲပြောင်းပေးမှုအတွက် အခွင့်အလမ်းများဖန်တီးပေးထားခြင်း။***

သင်တန်းသားများက ၎င်းတို့၏ လေ့လာမှုနှင့် အသိပညာများကို အခြားသောသင်တန်းဖော်များ၊ ရပ်ရွာလူထုများနှင့် မျှဝေပေးရန် စိတ်အားထက်သန်ကြသည်မှာ စီမံကိန်းဝန်ထမ်းများမှ မျှော်မှန်းထားသည်ထက်ပင် သာလွန်နေခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုကဏ္ဍနှင့် ရပ်ရွာလူထုများသို့ အလားတူ အခွင့်အလမ်းများ ပိုမိုပံ့ပိုးနိုင်ရန်အတွက်လည်း ကြံရွယ်စဉ်းစားသင့်ပေသည်။

***အရေးပေါ်အခြေအနေလုပ်ငန်းဆောင်ရွက်သောဝန်ထမ်းအားလုံး၏သင်ယူလေ့လာမှုများကို မြှင့်တင်ပေးခြင်း။***

သင်တန်းများကို စီမံကိန်းအထောက်အကူပြုဝန်ထမ်းများထက် စီမံကိန်းအကောင်အထည်ဖော်သောဝန်ထမ်းများအားဦးစားပေးတက်ရောက်စေခြင်းနှင့်ပတ်သက်၍ ဝိဝါဒများကွဲလွဲနေသည်ဟု သင်တန်းသားများ၏ အကြံပြုချက်များအရ သိရသည်။ မည်သို့ဆိုစေ ဤစီမံကိန်းတွင် ပံ့ပိုးထားသည့် အခြေခံ အသိပညာ ဗဟုသုတများမှာ လူမှုရေးအဖွဲ့အစည်းဝန်ထမ်းအားလုံးနှင့် သက်ဆိုင်နေပြီး အရေးပေါ်အခြေအနေတွင် ရှေ့တန်းမှ တိုက်ရိုက်ဆောင်ရွက်ရခြင်း မရှိသော ဝန်ထမ်းများအတွက်ကိုပင် အသုံးဝင်နေမည်ဖြစ်သည်။

## အခက်အခဲများ

- သင်တန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်မှုများကို အလယ်အလတ် အဆင့်မှသည် ထိပ်ပိုင်းဝန်ထမ်းများအတွက်ကိုသာ ပံ့ပိုးလေ့ရှိပြီး အောက်ခြေအဆင့် အထူးသဖြင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်နေသည့် ဝန်ထမ်းများအား လျစ်လျူရှုထားတတ်ကြသည်။
- အောက်ခြေအဆင့် ဝန်ထမ်းများကို ဤသင်တန်းတွင် ပါဝင်နိုင်ရန်ခွင့်ပြုပေးနိုင်မည့် အဖွဲ့အစည်း များမှ စီမံခန့်ခွဲသူများ၊အကြီးပိုင်းဝန်ထမ်းများနှင့် ဆက်သွယ်ရန် အတွက် တစ်မြို့နယ်ချင်းသို့ သွားရောက်ကာ အဆိုပါအဖွဲ့အစည်းများနှင့် တွေ့ဆုံစည်းဝေးရန် မဖြစ်နိုင်ပါ။

## ရရှိလာသည့် အကျိုးကျေးဇူးများ ရေရှည်တည်တံ့ရေးနှင့် ဆင့်ပွားအသုံးချနိုင်ရေး

- သင်တန်းသားများ ရွေးချယ်ရာတွင် စီမံကိန်းနှင့် သင့်တော်ပြီး ခွင့်တူညီမျှမှု ဖြစ်စေရန်အတွက် ပူးပေါင်းပါဝင်လိုသည့် အဖွဲ့အစည်းများအား ရှင်းလင်းသော လမ်းညွှန်ချက်များနှင့် နောက်ဆက်တွဲလေ့လာမှုများကို ကြိုတင်ပေးအပ်ထားသင့်သည်။
- အင်တာနက်ပေါ်တွင် ရှာဖွေဖတ်ရှုနိုင်သည့် ရင်းမြစ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သင်တန်းများအကြောင်းကို လေ့ကျင့်ခန်းစာအုပ်များတွင် နောက်ဆက်တွဲများအဖြစ်ထည့်သွင်းထားပါကဆက်လက်မှီငြမ်းအသုံးချနိုင်မည်ဖြစ်သည်။ သင်တန်းသားများနှင့် သက်ဆိုင်ရာအဖွဲ့ အစည်းများအနေဖြင့် လေ့ကျင့်ခန်းစာအုပ်ပါအကြောင်းအရာများကို မိမိတို့နှင့်ကိုက်ညီပါက ကူးယူဖြန့်ဝေနိုင်ကြောင်းကို ဖော်ပြထားပါသည်။
- ဤစီမံကိန်း၏ ရေရှည်အကျိုးကျေးဇူးများကို အဖွဲ့အစည်းများက နားလည်သဘောပေါက်လာကြမည်ဆိုပါကမိတ်ဖက်အဖွဲ့အစည်းများအကြားအသင်းအဖွဲ့စိတ်ဓာတ်ပိုမိုခိုင်မာစေပြီးသာယာပျော်ရွှင်ဖွယ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်မည်ဖြစ်သည်။




# PARTNERING FOR BUILDING RESILIENT SHELTERS

## CARE MYANMAR AND SWANYEE DEVELOPMENT FOUNDATION

## INTRODUCTION

During the 22nd and 23rd October 2010, cyclone Giri devastated the western state of Rakhine in Myanmar. It was confirmed by the Government that at least 45 people were dead or missing and over 100,000 people were left homeless. At least 20,380 houses were completely destroyed, with a total of at least 260,000 people (52,000 households) affected. The official estimate of homes damaged and destroyed by the cyclone stood at 51,944 households.

In response to the aftermath of cyclone Giri, CARE distributed emergency relief items to communities in the worst affected areas in partnership with a local organization – Swanyee Development Foundation (SDF). This response covered the township of Myebon targeting nearly 2600 households from 15 villages.

Subsequently, about one month after the cyclone hit, CARE initiated the Cyclone Giri Response Project – again in partnership with Swanyee Development Foundation to meet the shelter needs of 600 affected households in 15 villages of Myebon Township.

## THE INITIATIVE

The partnership was operationalized by defining clear roles and responsibilities of both organizations. Swanyee was responsible for implementation of the project in the field. This involved community mobilization, design development for proposed shelters, procurement and distribution of materials, demonstration of model shelter and supporting the beneficiaries in the shelter reconstruction process. The Swanyee project team in the field was supported by three team members from CARE for mentoring as well as monitoring purposes. CARE provided technical, monitoring and funding support to the Swanyee team.

In the field, the Swanyee team initiated the process of vulnerability assessment for

beneficiary selection in collaboration with the Village Development Committees (VDC) that existed in the villages prior to the project. The project team along with the VDC members and community members conducted physical verification of damages around the village, and developed the beneficiary selection criteria through consultative meetings with the communities. Based on the criteria, the community ranked the households which were the most vulnerable and these were selected as beneficiaries.



A complaint redressal system to settle disputes regarding beneficiary selection was established by placing a 'complaint box' next to the beneficiary lists displayed at prominent locations in the villages. Aggrieved community members could voice their complaints by dropping their complaint letters in the boxes. A complaint management committee comprising of VDC members, project team members and respected community members was formed in each village to examine the letters and address the complaints.

The design of the household shelter took into consideration SPHERE Standards for minimum individual needs of family members, as well as the cultural, natural hazard and geographical context of the targeted area. An initial design made by the project





team was shared with the Chair of the Shelter Working Group (UN-HABITAT) and an independent technical consultant. Their feedback provided for incorporation of DRR features such as cross bracings of walls, strong anchorage etc.

The designs for the house were also shared with the VDC in each village and their feedback sought to ensure that it suited the local context. Using this design, a model house was then constructed by the project team in each village. One household among the beneficiaries having the least capacity to construct their own house was selected by the community to be the beneficiary of this model house. The construction of a model house required nearly three days.

It was observed that during the model house construction demonstration, most of the participants were women. This was due to the fact that the men folk had migrated away from their village for employment. The women mentioned that they would be able to construct their

house with support from other family members and neighbors.

After the model house construction was demonstrated, construction materials were distributed to the beneficiaries. Materials purchased by CARE and SDF were checked by the VDC and beneficiary household for quality and quantity of materials. The project staff supported and guided households for inclusion of DRR features as well as monitored quality of their construction.

Beneficiaries were also permitted to make modifications to their house while ensuring that the DRR features of the structure were not compromised. They added rooms; increased the height of the plinth, and changed the shape of the bracings etc.

The project supported a total of 600 households in the reconstruction of their shelters of which 100 were completely damaged and 500 were partially damaged houses, covering 65% of the population whose houses were damaged in these 15 villages. Among the beneficiaries, 100 were from woman-headed households.



## GOOD PRACTICES

- Implementing transparency and accountability mechanism such as participatory beneficiary selection procedures, design development process, complaints mechanisms, community-led monitoring of quality and quantity of materials was essential in preventing resentment and conflicts within the community.
- The shelter reconstruction process was flexible which allowed for adjustments in the design to meet the needs of the beneficiaries.
- Working together with a local organization provided opportunities for both organizations to share and learn from each other and this fostered the spirit of partnership and team work.

## CHALLENGES

- Reporting skill of the partner was necessary to be strengthened which affected timely decision-making processes. CARE continuously provided support to the partner through regular meetings, monitoring and training to enhance the reporting skills of the partner.
- In the current project expectations from the partner, protocols regarding engaging with the partner, communication lines etc. were not very well defined by both organisations.

## SUSTAINING THE GAINS MADE AND REPLICATION

The project adopted several mechanisms to ensure the sustainability of the initiatives under the project: incorporation of DRR features in the houses constructed, checking of the quality of materials used by the VDCs as well as the beneficiaries, use of locally appropriate materials, and training of local community members in shelter reconstruction through the

demonstration exercises in constructing a model house. Feedback from the community members indicated that they expected the houses to sustain for at least two years and withstand the weather conditions prevalent in the region (winds and monsoon). The end-line assessment showed that all beneficiaries felt that the materials received were useful for rebuilding or repairing their houses to a good quality. The VDCs existed in the village prior to the project and will continue to function even after the end of the project.





# ဘေးဒဏ်ခံနေအိမ်အဆောက်အအုံများ ဆောက်လုပ်ရေးအတွက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်း

CARE (မြန်မာ) နှင့် စွမ်းရည်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်း

# နိဒါန်း




၂၀၁၀ ခုနှစ် အောက်တိုဘာလ ၂၂ နှင့် ၂၃ ရက်နေ့တို့တွင် မြန်မာနိုင်ငံ အနောက်ပိုင်းရှိ ရခိုင်ပြည်နယ်အတွင်းသို့ဂီရိမုန်တိုင်း ကဝင်ရောက်မွှေနှောက်တိုက်ခတ်သွားခဲ့သည်။ ထိုမုန်တိုင်းကြောင့် (၄၅)ဦးခန့် သေဆုံး/ပျောက်ဆုံး ခဲ့ပြီး လူဦးရေ တစ်သိန်းကျော်ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်ဟုအစိုးရကအတည်ပြုထုတ်ပြန်ခဲ့သည်။ အနည်းဆုံးအိမ်ခြေ (၂၀၃၈၀)ပျက်စီးခဲ့ရပြီးလူဦးရေ (၂၆၀၀၀၀)၊ အိမ်ထောင်စု(၅၂၀၀၀)ခန့် မုန်တိုင်းဒဏ်ခံခဲ့ရသည်။ မုန်တိုင်းဒဏ်ကြောင့် အိမ်ထောင်စု(၅၁၉၄၄)ခန့်သည် အိုးအိမ်များပျက်စီး၊ပြိုလဲခဲ့သည်ဟု တရားဝင်ထုတ်ပြန်ထားသော ကိန်းဂဏန်းများက ဖော်ပြနေသည်။

မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် CARE သည် ပြည်တွင်းမှ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော စွမ်းရည်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ မုန်တိုင်းဒဏ်အဆိုးရွားဆုံးခံခဲ့ရသည့် ဒေသများတွင်အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ပံ့ပိုးပေးခဲ့သည်။ ကယ်ဆယ်ရေးပစ္စည်းများကို မြေပုံမြို့နယ်အတွင်းရှိ ကျေးရွာ (၁၅)ရွာမှ အိမ်ထောင်စု(၂၆၀၀) ခန့်ကို ပေးအပ်ခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် မုန်တိုင်းတိုက်ခတ်အပြီးတစ်လအကြာတွင် စွမ်းရည်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ဂီရိမုန်တိုင်းတုံ့ပြန်မှုစီမံကိန်းကို စတင်ခဲ့သည်။မြေပုံမြို့နယ်အတွင်းရှိ ကျေးရွာ (၁၅)ရွာမှ မုန်တိုင်းဒဏ်သင့်အိမ်ထောင်စု (၆၀၀) အတွက် နေအိမ်လိုအပ်ချက်များကို ဤစီမံကိန်းက ဖြည့်ဆည်းပေးခဲ့သည်။

## ကနဦးလုပ်ငန်းများ

အဖွဲ့အစည်းနှစ်ခု၏ အခန်းကဏ္ဍနှင့်တာဝန်ဝတ္တရားများကို ရှင်းလင်းတိကျစွာ သတ်မှတ်ခြင်းဖြင့် မိတ်ဖက်ဖွဲ့စည်းခြင်းကို စတင်ခဲ့ကြသည်။ စီမံကိန်းလုပ်ငန်းများလက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းကို စွမ်းရည်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းက တာဝန်ယူ ဆောင်ရွက်သည်။ ရပ်ရွာလူထုအား စည်းရုံးခြင်း၊ အဆိုပြုထားသော နေအိမ်များအတွက် ဒီဇိုင်းပုံစံထုတ်ခြင်း၊ လိုအပ်သောပစ္စည်းများကို ဝယ်ယူဖြန့်ဖြူးပေးခြင်း၊ စံပြအဆောက်အအုံအား သရုပ်ပြရှင်းလင်းခြင်းနှင့် နေအိမ်များ ပြန်လည်တည်ဆောက်ရာတွင် ရပ်ရွာ လူထုအားကူညီပံ့ပိုးခြင်းစသည်တို့ ပါဝင်သည်။ စီမံကိန်းရည်ရွယ်ချက်များ ပြည့်မီစေရန်အတွက် ကွင်းဆင်းဆောင်ရွက်နေသည့် စွမ်းရည်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းမှ စီမံကိန်းလုပ်ငန်းအဖွဲ့ကို CARE မှ သုံးဦးပါဝင်သောအဖွဲ့က ကြီးကြပ်ကွပ်ကဲပေးသည်။ စွမ်းရည်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းအတွက်နည်းပညာ၊စောင့်ကြည့်ကွပ်ကဲ



ခြင်းနှင့် ရန်ပုံငွေတို့ကို CARE က ပံ့ပိုးပေးခဲ့သည်။

လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် အကျိုးခံစားခွင့်ရှိသူများ ရွေးချယ်ရာ၌ ထိခိုက်လွယ်မှုအကဲဖြတ်ချက်ကို အသုံးပြု၍ စီမံကိန်းမစတင်မီကပင် ရှိနှင့်ပြီးဖြစ်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည်။ စီမံကိန်းအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်များနှင့် ရပ်ရွာလူထုတို့ ပူးပေါင်းကာ ကျေးရွာအတွင်း ပျက်စီးမှုများကို လက်တွေ့လိုက်လံစစ်ဆေးခဲ့သည်။ထို့နောက် အကျိုးခံစားခွင့်ရှိသူအဖြစ် ရွေးချယ်သတ်မှတ်နိုင်မည့်အချက်များကို ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ချမှတ်ရေးဆွဲခဲ့ကြသည်။ထိုသတ်မှတ်ချက်များအပေါ်မူတည်၍ ထိခိုက်လွယ်ခြေအများဆုံး အိမ်ထောင်စုများကို ရပ်ရွာမှပင် ခွဲခြားဖော်ထုတ်ပေးပြီး အကျိုးခံစားခွင့်ရှိသူများအဖြစ် သတ်မှတ်ခဲ့ကြသည်။

အကျိုးခံစားခွင့်ရှိသူ စာရင်းကို ကျေးရွာအတွင်း သိသာထင်ရှားသည့် နေရာများတွင် ချိတ်ဆွဲပေးထားပြီး အဆိုပါသတ်မှတ်ချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုများကို ဖြေရှင်းပေးနိုင်ရေးအတွက် “တိုင်ကြားစာပုံး” ကိုလည်း အဆိုပါစာရင်းဘေးနားတွင် ချိတ်ဆွဲပေးထားခြင်းဖြင့် အလွယ်တကူ တိုင်ကြားနိုင်စေရန် စီစဉ်ပေးထားခဲ့သည်။အကျိုးခံစားခွင့်ရှိသူသတ်မှတ်ချက်အပေါ် မကျေနပ်သည့် ရွာသားများအနေဖြင့် မိမိအယူအဆကို စာဖြင့်ရေးပြီး တိုင်စာပုံးတွင်ထည့်ခြင်းဖြင့် အလွယ်တကူ ဖွင့်ဟနိုင်မည်ဖြစ်သည်။ အဆိုပါတိုင်စာများနှင့် မကျေနပ်ချက်များကို စစ်ဆေးဖြေရှင်းပေးနိုင်ရန်အတွက် ပဋိပက္ခဖြေရှင်းရေးကော်မတီကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင်များ၊ စီမံကိန်းအဖွဲ့မှ အဖွဲ့ဝင်ဝန်ထမ်းများ၊ ကျေးရွာအတွင်းမှ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များဖြင့် ရွာတိုင်းတွင် ဖွဲ့စည်းပေးထားသည်။

ပြန်လည်ဆောက်လုပ်မည့် နေအိမ်များ၏ ဒီဇိုင်းပုံစံများ ရွေးချယ်ရာတွင်လည်း မိသားစုဝင်တစ်ဦးချင်းစီ၏ လိုအပ်ချက်များအပေါ်မူတည်သတ်မှတ်ထားသည့် SPHERE စံညွှန်းများကို ထည့်သွင်းစဉ်းစားခဲ့ကြသည်။ ထို့ပြင် သာမက စီမံကိန်းဒေသ၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ကြုံတွေ့ရနိုင်သည့်သဘာဝ

ဘေးအန္တရာယ်နှင့် ပထဝီသွင်ပြင်တို့ကိုလည်း ထည့်သွင်းစဉ်းစားခဲ့ကြသည်။ စီမံကိန်းအဖွဲ့မှ ရွေးချယ်ထားသည့် နေအိမ်ပုံစံဒီဇိုင်းကိုလည်း နေအိမ်ဆောက်လုပ်မှုလုပ်ငန်းအဖွဲ့ (Shelter Working Group ) ဥက္ကဋ္ဌဖြစ်သော UN-HABITAT နှင့် လည်းကောင်း၊ သီးခြားနည်းပညာဆိုင်ရာ အကြံပေးနှင့် လည်းကောင်းဆွေးနွေးခဲ့သည်။ နံရံတွင် ထောင့်ဖြတ်တန်းများ ကျားကန်ဖြည့်တင်းခြင်း၊ အုတ်မြစ်ခိုင်ခိုင် တည်ဆောက်ခြင်းစသည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်မှုလျှော့ချရေး အစီအမံများ ထည့်သွင်းတည်ဆောက်သွားရန် ၎င်းတို့က အကြံပြုခဲ့ကြသည်။

ဒေသအနေအထားနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက်ကိုလည်း နေအိမ်ပုံစံများကို ကျေးရွာအသီးသီးမှ ဖွံ့ဖြိုးရေးကော်မတီများအား တင်ပြပေးပြီး အတည်ပြုချက် ရယူခဲ့သည်။ ရရှိလာသည့်ဒီဇိုင်းပုံစံဖြင့် သရုပ်ပြ နမူနာအိမ်တစ်လုံးကို ကျေးရွာတိုင်းတွင် စီမံကိန်းအဖွဲ့ကတည်ဆောက်ပေးခဲ့သည်။ ကိုယ်ပိုင်နေအိမ် ပြန်လည်ဆောက်လုပ်နိုင်ခြေအနည်းဆုံးသူအား အဆိုပါ သရုပ်ပြအိမ်ကို ရယူခွင့်ရှိသည်ဟု ရပ်ရွာလူထုကိုယ်တိုင်က ရွေးချယ်ပေးအပ်ခဲ့သည်။ သရုပ်ပြနေအိမ်ဆောက်လုပ်ခြင်းသည် သုံးရက်ခန့်ကြာမြင့်တတ်သည်။





သရုပ်ပြနေအိမ် ဆောက်လုပ်ရာတွင် ပူးပေါင်းပါဝင်သူ အများစုမှာ အမျိုးသမီးများဖြစ်နေကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။ အမျိုးသားများမှာ တစ်နယ်တစ်ကျေးတွင် ဝမ်းစာရှာဖွေနေရသောကြောင့် ယခုကဲ့သို့ အမျိုးသမီးဦးရေက ပိုများနေခြင်း ဖြစ်သည်။ မိသားစုဝင်များ၊ အိမ်နီးချင်းများအကူအညီဖြင့် နေအိမ်များကို မိမိတို့ဘာသာ ဆောက်လုပ်နိုင်ပါသည်ဟုလည်း အမျိုးသမီးများက ဆိုသည်။

သရုပ်ပြနေအိမ်ဆောက်လုပ်မှု ပြီးစီးသွားသည့်အခါ အကျိုးခံစားခွင့်ရှိသူ အသီးသီးထံသို့ ဆောက်လုပ်ရေးပစ္စည်းများ ဖြန့်ဝေပေးခဲ့သည်။ CARE နှင့် စွမ်းရည်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းတို့မှ ဝယ်ယူပေးသည့် ဆောက်လုပ်ရေးပစ္စည်းများ၏အရေအတွက် နှင့် အရည်အသွေး ပြည့်မီခြင်း ရှိ/မရှိကို ကျေးရွာကော်မတီနှင့်အကျိုးခံစားခွင့်ရှိသူ အိမ်ထောင်စုများ ကိုယ်တိုင်စနစ်တကျစစ်ဆေးရယူကြသည်။ နေအိမ်

ဆောက်လုပ်မှုများ အရည်အသွေးပြည့်မီရေးနှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်မှု လျှော့ချရေးအစီအမံများ ထည့်သွင်းတည်ဆောက်ရေးတို့အတွက် ကိုမူ စီမံကိန်းဝန်ထမ်းများက ပံ့ပိုးကြီးကြပ်ပေးခဲ့ကြပါသည်။

ဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်မှုလျှော့ချရေး သတ်မှတ်ချက်များနှင့် မကွဲလွဲပါက အိမ်ရှင်များမှနေအိမ်ကို စိတ်ကြိုက်ပြင်ဆင် ဆောက်လုပ်နိုင်ရန် ခွင့်ပြုပေးထားသည်။ အခန်းပိုဖွဲ့ခြင်း၊ အုတ်ဖိနပ်ခုံထပ်မြှင့်ခြင်းနှင့် ချုပ်တန်းပုံစံများပြောင်းလဲခြင်းတို့ကို ဆောင်ရွက်ခွင့်ပြုခဲ့သည်။ နေအိမ်လုံးဝပျက်စီးသွားသည့်အိမ်ထောင်စု (၁၀၀)နှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသော အိမ်ထောင်စု (၅၀၀) (၁၅ ရွာအတွင်းရှိ စုစုပေါင်းလူဦးရေ၏ ၆၅ ရာခိုင်နှုန်းခန့်) တို့အတွက် နေအိမ်များ ပြန်လည်ဆောက်လုပ်နိုင်ရန် ဤစီမံကိန်းက ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။ ထိုကဲ့သို့ အကျိုးခံစားခွင့်ရှိသူများအနက် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု (၁၀၀) ပါဝင်ပါသည်။



## အလေ့အကျင့်ကောင်းများ

- အကျိုးခံစားခွင့်ရှိသူများ ရွေးချယ်ခြင်းနည်းလမ်းများ၊ အဆောက်အအုံပုံစံ ရွေးချယ်သတ်မှတ်ခြင်း၊ တိုင်ကြားချက် စီမံခန့်ခွဲမှု၊ ရပ်ရွာမှဦးဆောင်မှုဖြင့် ဆောက်လုပ်ရေးပစ္စည်းအရည်အသွေးနှင့် အရေအတွက်ထိန်းသိမ်း ကြီးကြပ်မှု စသည့် လုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ/တာဝန်ခံနိုင်မှုတို့ဖြင့် ဆောင်ရွက်ခြင်းတို့သည် ရပ်ရွာလူထုအတွင်းစိတ်ဝမ်းကွဲမှုများ၊ ပဋိပက္ခများ မဖြစ်ပေါ်စေရန် ကာကွယ်ပေးမည့် အရေးကြီး လုပ်ငန်းစဉ်များပင်ဖြစ်သည်။
- နေအိမ်များ ပြန်လည် ဆောက်လုပ်ရာတွင်လည်း အိမ်ပိုင်ရှင်များ အား အိမ်ရှင်များ စိတ်ကြိုက် ပြုပြင်ပြောင်းလဲမှုများ လုပ်နိုင်ရန် လမ်းဖွင့်ပေးထားသည်။
- ပြည်တွင်းအဖွဲ့အစည်းနှင့် မိတ်ဖက် ဆောင်ရွက်ခြင်းကြောင့် နှစ်ဖက်အဖွဲ့အစည်းအချင်းချင်း အပြန်အလှန် သင်ယူလေ့လာမှုများ ပြုလုပ်နိုင်သည့်အပြင် မိတ်ဖက်ဖွဲ့စည်းမှုနှင့် အသင်းအဖွဲ့စိတ်ဓာတ်တို့ကိုလည်း ခိုင်မာလာစေသည်။

## အခက်အခဲများ

- မိတ်ဖက်အဖွဲ့အစည်း၏ အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အခက်အခဲများ မရှိစေရန်အစီရင်ခံတင်ပြမှု တိုးတက်အောင် အားဖြည့်ပေးရန် လိုအပ်ပါသည်။ အစီရင်ခံစာ တင်သွင်းမှုအားနည်းခြင်းကြောင့် အခက်အခဲများရှိခဲ့သည်။ ပုံမှန် အစည်းအဝေးများ၊ စောင့်ကြည့်ကြီးကြပ်ခြင်း၊ အစီရင်ခံစာ တင်သွင်းမှုဆိုင်ရာသင်တန်းပေးလေ့ကျင့်ခြင်းတို့ကိုCARE က ပံ့ပိုးပေးခဲ့သည်။
- မိတ်ဖက်အဖွဲ့အစည်းနှစ်ခုလုံး ၏ မျှော်မှန်းချက်များ၊ အချင်းချင်း ဆက်သွယ်ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်း

များ၊ ဆက်သွယ်တင်ပြပုံလမ်းကြောင်းများစသည်တို့ကို ယခုစီမံကိန်းတွင် ရှင်းလင်းစွာ ချမှတ်ထားခြင်း မတွေ့ရပေ။

## အကျိုးကျေးဇူးများ ရေရှည်တည်တံ့စေရေးနှင့် ဆင့်ပွားကူးယူအသုံးချနိုင်ရေး

ဤစီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းမူဘောင်အမျိုးမျိုးကို ချမှတ်အသုံးပြုခဲ့သည်။

- ဆောက်လုပ်သည့် နေအိမ်များတွင် ဘေးအန္တရာယ် လျှော့ချရေး အစီအမံများ ထည့်သွင်း တည်ဆောက်ခြင်း၊
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အကျိုး ခံစားခွင့်ရှိသူအိမ်ရှင်များ အသုံးပြုမည့် ဆောက်လုပ်ရေး ပစ္စည်းများ၏ အရည်အသွေးကို ကြီးကြပ်စစ်ဆေးခြင်း၊
- ဒေသနှင့်ကိုက်ညီသည့်ပစ္စည်းများကိုသာ အသုံးပြုထားခြင်း၊
- နေအိမ်များပြန်လည်ဆောက်လုပ်ရာတွင် သရုပ်ပြအိမ် နမူနာ ဆောက်လုပ်ခြင်းဖြင့် ရပ်ရွာလူထုအားလေ့ကျင့်သင်ကြားပေးခြင်း၊

ယခုဆောက်လုပ်ထားသည့် နေအိမ်များသည် ဒေသရာသီဥတုဖြစ်သောလေပြင်း နှင့် မုတ်သုန်လေများကို ခံနိုင်သည့်အပြင် အနည်းဆုံး သက်တမ်းနှစ်နှစ်ခန့် ခံလိမ့်မည်ဟု ရွာသူရွာသားများက ဖွင့်ဟခဲ့ကြသည်။ စီမံကိန်းမှ ပံ့ပိုးပေးသည့် ပစ္စည်းများသည် မိမိတို့ နေအိမ်များ အဆင့်အတန်း ပိုမိုမြင့်မားလာစေရန် အလွန်အသုံးဝင်ကြောင်းကိုလည်း အကျိုးခံစားခွင့်ရရှိခဲ့သည့် အိမ်



ပိုင်ရှင်များနှင့် ပြုလုပ်ခဲ့သည့် အဆုံးသတ်အကဲဖြတ်ချက်များက ညွှန်းဆိုနေပေသည်။ စီမံကိန်းမတိုင်မီ ကပင်ဖွဲ့စည်းပြီးဖြစ်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီများသည်လည်း စီမံကိန်းပြီးစီးသွားသည့်တိုင် လုပ်ငန်းများဆက်လက် ဆောင်ရွက်သွားကြပေဦးမည်။





**Strengthening Disaster Risk Reduction Practice in Myanmar through Research and Enhanced Inter-agency Coordination**

*This project is funded by the European Commission's Humanitarian Aid and Civil Protection department through its Disaster Preparedness Programme (DIPECHO)*